# မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၇၂)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ ၅-၉-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူးနှင့်တွေ့ဆုံဆွေးနွေး


## ဟေလုံကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ယနေ့ညနေ ၆ နာရီတွင် ဟေလုံကျန်းပြည်နယ်ပါတီအတွင်းရေးမှူး Mr.Xu Qin နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ

စာမျက်နှာ ၃ သို့ ★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူး Mr.Xu Qin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၄**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေ ခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဧလ**

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ သောကြာနေ့။

မန္တလေး နေ့စဉ်

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိ

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို သမိုင်းအစဉ်အလာကောင်းများနှင့်အညီ ဖွင့်ပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများအား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မိမိနိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို ကောင်းမွန်စွာတည်ဆောက်နိုင်ရေးအတွက် နိုင်ငံ့သားကောင်းများဖြစ်လာစေရေး ရည်မှန်း၍ ပြုစုပျိုးထောင်နေကြပြီး နိုင်ငံတော်ကိုဘက်စုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမဆိုင်ရာပညာရပ်များကို မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်လက်ဆင့်ကမ်းနေကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်ရှိကြသည့် ဝါသနာရှင်မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးအနက်ထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကိုလည်း နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ် ကျင်းပနေခြင်းဖြစ်ကြောင်း (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဆက်လက်ပြောကြားရာတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် အတွေ့အကြုံရင့်ကျက်မှုရှိသည့် အကဲဖြတ်ပညာရှင်ကြီးများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်သည့်အပြင်၊ ဘက်လိုက်မှုကင်းရှင်းစွာဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မျိုးဆက်သစ်လူငယ်များကို ဖော်ထုတ်ပေးနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ပြိုင်ပွဲကြီးများ ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အနုသုခုမဆိုင်ရာကဏ္ဍများအပြင် လုံခြုံရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများကိုလည်း ပြည့်စုံစေ့စပ်စွာ ဆောင်ရွက်နိုင်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ရိုးရာအစဉ်အလာဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုဆိုင်ရာပညာ အတွေ့အကြုံဗဟုသုတများသည် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် မျိုးချစ်စိတ်တို့ကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ခြင်းသာမက ယဉ်ကျေးသိမ်မွေ့ခြင်းများနှင့်ပါပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ကျင်းပပြုလုပ်ခြင်းသည်လည်း မြန်မာ့အနုပညာကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ထူးခြားပြီးအနက်အဓိပ္ပာယ် ပြည့်ဝလှသည့် မြန်မာ့အနုပညာကို ကမ္ဘာကပင်တွေ့မြင်ကြရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်အတွက် ကောင်းမွန်သည့် စီစဉ်ဆောင်ရွက်မှုများ။ မြန်မာနိုင်ငံသားတို့၏ အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## စူဠာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် ငွေလှူဒါန်း



**မန္တလေး စက်တင်ဘာ ၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော် စူဠာမုနိ ရုပ်ရှင်တော်မြတ်ကြီးတွင် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် အုန်းချောစံပြကျေးရွာနေ ဦးတင်ထွန်း + ဒေါ်မြင့်အေး မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းမှုကို မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်တို့နှင့် စူဠာမုနိဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(ကဆ)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်(ဖ-၁၀)၊ ၅၇လမ်းနှင့် ၁၁၂(A)လမ်းထောင့်တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၇၂လမ်း၊ မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)




## ပုသိမ်ကြီးမြို့နယ်တွင် အခြေခံပညာ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပ



**ပုသိမ်ကြီး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၀)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

ဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်က အဖွင့်အမှာစကားပြောကြားပြီး အားကစားသမားများ အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ထို့နောက် ရေထွက်မူလတန်းလွန်ကျောင်းမှ ကျောင်းသူလေးများက ပန်းပွားအက ဖြင့် ကပြဖျော်ဖြေပေးခဲ့ပြီးနောက် နယ်မြေ (၁) နှင့် နယ်မြေ (၄) အသင်းတို့ စတင်၍ ဘောလုံးပွဲစဉ်အား ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် အသင်း လေးသင်းဖြင့် စက်တင်ဘာ ၅ ရက်ထိ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အခမ်းအနားသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

(၀၉၅)

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews-paper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)




★ ရှေ့ဖုံးမှ

ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူးနှင့်အတူ ဟေလုံကျန်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့်တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ် ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများကို အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ သံတမန်ဆက်ဆံမှုသည် ၇၅ နှစ်တာကာလကို ကျော်လွန်ခဲ့ပြီဖြစ်ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများရှိမှု၊ ဟေလုံကျန်းပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားလျက်ရှိမှုနှင့် မြန်မာနိုင်ငံမှ ပညာတော်သင်များ တက်ရောက်သင်ကြားလျက်ရှိမှု၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် သီးနှံများကို ဟေလုံကျန်း ပြည်နယ်သို့ တင်ပို့နိုင်မှု၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာဖလှယ်မှုများ ဆောင်ရွက်နိုင်မှု၊ ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်မှု၊ ဟေလုံကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှု လုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ်ပါတီအတွင်းရေးမှူး Mr.Xu Qin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



## လူငယ်ရေးရာအသိပညာပေး ဟောပြော

**နေပြည်တော် စက်တင်ဘာ ၄**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ဖြစ်ပေါ်လာစေရန်အတွက် လူငယ်ရေးရာအသိ ပညာပေးဟောပြောပွဲကို ယမန်နေ့က ပုဗ္ဗသီရိမြို့နယ်၊ ခေတ်ရွှေဆောင်ကိုယ်ပိုင် အထက်တန်းကျောင်းနှင့် ဥတ္တရသီရိမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ရွှေနံ့သာ၌ ပြုလုပ်ခဲ့ရာ ဇေယျာသီရိခရိုင် အုပ်ချုပ်ရေးမှူး ဦးစောနိုင်က အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးတို့က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာကြီး ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Harbin Institute of Technology နှင့် Harbin Electric Corporation သို့သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၄

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပေကျင်းမြို့ Beijing Capital International Airport မှနေ၍ ဟာပင်းမြို့သို့ ထွက်ခွာကြရာ လေဆိပ်တွင် ပေကျင်း မြူနီစီပယ် အစိုးရ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဟာပင်းမြို့ Taiping International Airport သို့ ရောက်ရှိကြရာ တရုတ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူ တစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Harbin Institute of Technology တက္ကသိုလ်ပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Harbin Institute of Technology သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ Harbin Institute of Technology ၏ ဥက္ကဋ္ဌ Mr. Han Jie Cai နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တက္ကသိုလ် ပြတိုက်အတွင်း၌ တက္ကသိုလ်၏ မိတ်ဆက်ဗီဒီယိုကို ကြည့်ရှု၍ အာကာသ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မစ်ဖိုင်းများထုတ်လုပ်ခဲ့မှု၊ ဒုံးပျံများ၊ ဂြိုဟ်တုများ သုတေသနပြု တီထွင် ထုတ်လုပ်ခဲ့မှု၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ဈူကလီးယားဗုံးနှင့် ဟိုက်ဒရိုဂျင်ဗုံးများ စမ်းသပ်တီထွင်အောင်မြင်ခဲ့မှု၊ ကဏ္ဍအလိုက် ဂြိုဟ်တုများတီထွင်ထုတ်လုပ် လွှတ်တင်ခဲ့မှု၊ အာကာသပိုင်းဆိုင်ရာ အောင်မြင်မှုများ၊ လကမ္ဘာသို့ ဆင်းသက်မှုပြခန်း၊ အာကာသယာဉ်များလွှတ်တင်ခဲ့မှု၊ တရုတ်နိုင်ငံမှ ပေါ်ထွန်းခဲ့သည့်အာကာသ ပညာရှင်များ ပြခန်းတို့အား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းပြသမှုများ အပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး Harbin Institute of Technology နှင့် မြန်မာနိုင်ငံအကြား အာကာသဆိုင်ရာ နည်းပညာများ မျှဝေနိုင်မှုနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက Harbin Institute of Technology ၏ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌထံ Harbin Institute of Technology ၏ ဥက္ကဋ္ဌက အာကာသစခန်းပုံစံငယ်အား အမှတ်တရလက်ဆောင် အဖြစ်ပေးအပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကာ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

စာမျက်နှာ ၅ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပေကျင်းမြူနီစီပယ်အစိုးရ တာဝန်ရှိသူများက Beijing Capital International Airport တွင် ပို့ဆောင်နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်အစိုးရ တာဝန်ရှိသူများက ဟာပင်းမြို့ Taiping International Airport ၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Electric Corporation စက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြား

## ပညာသင်ကြားခဲ့ရမှု အတွေ့အကြုံများ၊ ကြုံတွေ့ခဲ့ရသည့် လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ နေထိုင်မှုများကို ပြန်လည်မျှဝေပေးရန်လို

နေပြည်တော် စက်တင်ဘာ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟာပင်းမြို့၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဟာပင်းမြို့ရှိတက္ကသိုလ်များ၌ ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား ဒေသစံတော်ချိန် ယနေ့ညနေ ၅ နာရီခွဲတွင် ဟာပင်းမြို့ရှိ ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့်ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ နှင့် ပညာတော်သင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဟာပင်းမြို့ရှိ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သင်တန်းများ လာရောက်တက်ရောက်၍ ပညာသင်ကြားခြင်း ဖြစ်သည့်အတွက် နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် လက်ရှိအချိန်တွင် အကောင်းဆုံး အခြေအနေတွင်ရှိနေကြောင်း၊ မိမိအနေဖြင့် ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation– SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံ တော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့သည် ကမ္ဘာကြီး၏ တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အတွက် အရေးပါသည့် အဖွဲ့အစည်း ဖြစ်ပြီး မကြာမီအချိန်အတွင်း မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင် ဖြစ်လာမည်ဟု ယုံကြည်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေပေးအပ်စဉ်။

### ပြန်လည်မျှဝေပေး

သင်တန်းများ လာရောက် သင်ကြားချိန်တွင်သင်ကြားရသည့် ပညာရပ်များအလိုက် အကောင်းဆုံးသင်ယူသွားရန်လိုပြီး ပညာပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် မိမိတို့၏ ဌာနများအလိုက် မိမိတို့သင်ကြားခဲ့ရသည့် ပညာရပ်များနှင့် ပတ်သက်၍ ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အလားတူ တရုတ်နိုင်ငံတွင် ပညာသင်ကြားခဲ့ရမှု အတွေ့အကြုံများ၊ ကြုံတွေ့ခဲ့ရသည့် လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ နေထိုင်မှုများကိုလည်း ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ တရုတ်နိုင်ငံတွင် ပညာသင်ကြားနေချိန် အတွင်း တရုတ်ဘာသာစကားကိုလည်း ထိုက်သင့်သလောက် တတ်ကျွမ်းအောင် လေ့လာသင်ကြားသွားရန်လိုကြောင်း။

လာမည့် ဒီဇင်ဘာလအတွင်း မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲ ပြုလုပ်ချိန်တွင် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မဲစာရင်းများမှားယွင်းမှုနှင့် မဲမသမာမှုများမဖြစ်စေရေး မြန်မာ အီလက်ထရောနစ်မဲပေးစက်များဖြင့် အသုံးပြုသွားမည် ဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတွင် ပညာသင်ကြားနေချိန်အတွင်း မိမိတို့၏ ကျန်းမာရေးကောင်းမွန်စေရေး နေထိုင်ဆောင်ရွက်သွားကြရန်နှင့် ပညာသင်ကြားမှုများကိုလည်း ပြီးဆုံးအောင်မြင်သည်အထိ သင်ယူသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သင်တန်းသားများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

☆ စာမျက်နှာ ၄ မှ

ညနေပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Harbin Electric Corporation သို့ သွားရောက် လေ့လာကြရာ Harbin Electric Corporation မှ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် ကုမ္ပဏီပြခန်းအတွင်း ကုမ္ပဏီ၏ မိတ်ဆက် ဗီဒီယိုကို ကြည့်ရှုကြပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ရေအားလျှပ်စစ်သုံး ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားလျှပ်စစ်သုံး ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် လိုအပ်သည့် ဂျင်နရေတာများနှင့် ဆက်စပ်ပစ္စည်းကိရိယာများ ထုတ်လုပ်လျက်ရှိမှု၊ Green Power Energy ထုတ်လုပ်ခြင်းများ ဖြစ်အောင်ဆောင်ရွက်လျက်ရှိမှု၊ အီလက်ထရောနစ် ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စက်ရုံအတွင်း Ai စနစ်အသုံးပြု၍ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် စက်ရုံမှ တာဝန်ရှိသူတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်




**၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်**

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၅) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၅) ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ (၄) ရပ်နှင့် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများအရ အိမ်နီးချင်းနိုင်ငံမှလူငယ်များသည် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာကြပြီး မြန်မာအမျိုးသမီးများအား ချစ်ကြိုက်၍ လက်ထပ်ခြင်းမဟုတ်ဘဲ လှည့်ဖြားလိုသောသဘောဖြင့် ငွေကြေးပေးကာ လက်ထပ်ခြင်း၊ တရားရုံးတွင် ထိမ်းမြားမင်္ဂလာ ကျမ်းကျိန်လွှာပြုလုပ်၍ ၎င်းတို့နိုင်ငံသို့ တရားဝင်ခေါ်ဆောင်နေခြင်းများကို စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဒေသတွင်းနိုင်ငံများမှ နိုင်ငံသားတချို့သည် မြန်မာနိုင်ငံသို့ အလည်အပတ်ဗီဇာဖြင့် ရောက်ရှိလာခဲ့ပြီး ဘာသာစကားသင်တန်းအမည်ခံဖွင့်လှစ်၍ မြန်မာအမျိုးသမီးများအား ၎င်းတို့၏နိုင်ငံသားများနှင့် ထိမ်းမြားလက်ထပ်စေရန် စည်းရုံးဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြောင်း။

လူကုန်ကူးသူများသည် လိမ်လည်စည်းရုံးသွေးဆောင်ရန်အတွက် အင်တာနက်ကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook၊ Tiktok နှင့် Telegram များကို အသုံးပြု၍ စီးပွားရေးကြော်ငြာများမှတစ်ဆင့် လူစုဆောင်းခြင်း၊ အကျိုးအမြတ်လွှဲပြောင်းပေးခြင်းများ ပြုလုပ်ပြီး မြန်မာအမျိုးသမီးငယ်များအား အတင်းအဓမ္မထိမ်းမြားလက်ထပ်ရန်နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများလုပ်ဆောင်လျက်ရှိကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရာတွင် လုပ်ငန်းစဉ် (၃) ရပ်ဖြစ်သော သတင်းလက်ဦးမှုရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ၎င်းလုပ်ငန်းစဉ် (၃) ရပ်နှင့်အညီ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

လက်ရှိဖြစ်ပွားလျက်ရှိသော အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ အဓမ္မစေခိုင်းမှုများအပါအဝင် အတင်းအကြပ်ရာဇဝတ်မှုကျူးလွန်စေခြင်းတို့ကို တားဆီးနှိမ်နင်းနိုင်ရန်၊ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နယ်စပ်ဖြတ်ကျော်တရားမဝင်ဝင်ရောက်မှုမရှိစေရေး တားဆီးထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွှယ်ဖြစ်ပွားသော လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက်ကို Pilot Project အဖြစ် သက်တမ်းကာလ တစ်နှစ်ဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Online Scam) လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကြပ်ခိုင်းစေခံရသူများကို ကယ်တင်၍ မိခင်နိုင်ငံများသို့ ပြန်လည်စေလွှတ်ပေးလျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်များတွင် ဒေသတွင်းမဟုတ်သည့် အခြားနိုင်ငံများမှ နိုင်ငံခြားသားများလည်းပါဝင်နေကြောင်း တွေ့ရှိရသည့်အတွက် နိုင်ငံပေါင်းစုံ ပူးပေါင်းပါဝင်မှုဖြင့် တိုက်ဖျက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများအောင်မြင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် မန္တလေးလျှင်ဘေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်များပေးအပ်ခြင်းအခမ်းအနား ကျင်းပ

မန္တလေး စက်တင်ဘာ ၄

မန္တလေး တိုင်းဒေသကြီး အတွင်းရှိအာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် မန္တလေးငလျင်ဘေးသင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်များပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ဘေးသင့်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အလုပ်ဌာန ၇၄၃၀၊ အာမခံအလုပ်သမား ၁၂၁၃၃၀ အား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထုတ်ပေးလျက်ရှိရာ ယနေ့အခမ်းအနားတွင် အာမခံအလုပ်သမား ၄၃၈၆ ဦးအတွက် ငွေကျပ် ၃၄၇ ဒသမ ၄၆၃ သန်းကို ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး အတွင်း စုစုပေါင်း အာမခံအလုပ်သမား ၃၁၆၈၁ ဦးအတွက် ငွေကျပ် ၂၆၂၅ ဒသမ ၅၀၂ သန်းကို Online Payment စနစ်ဖြင့် အာမခံအလုပ်သမားများ၏ လက်ဝယ်အရောက် စနစ်တကျပေးအပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ပညာသင်စရိတ်လျှောက်ထားလာသည့် အလုပ်သမား ၃၉၄၀ ၏ သားသမီး ၅၃၉၆ ဦးအတွက် ပညာသင်စရိတ် စုစုပေါင်း ငွေကျပ် ၂၁၄ ဒသမ ၇၀၇ သန်းကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသော အကျုံးဝင်လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်လျက်ရှိပြီး ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက်ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၃၄၇ ဒသမ ၄၆၃ သန်းနှင့် ပညာသင်စရိတ်အတွက် ငွေကျပ် ၂၁၄ ဒသမ ၇၀၇သန်းကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံ လွှဲပြောင်းပေးအပ်ပြီး မန္တလေးငလျင်ဒဏ်ကြောင့်လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးခဲ့သူ အာမခံလုပ်သား ၁၀ ဦး အတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်များကို ကျန်ရစ်သူမိသားစုများနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

အခမ်းအနား အပြီးတွင် အောင်မြေသာစံ မြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး (မန္တလေး) အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး လုပ်ငန်း လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက် ကုသမှုခံယူနေသော အာမခံအလုပ်သမားများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး) ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၄

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အဆောက်အဦများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ငလျင်ကော်မတီ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတို့မှဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက ဗီဒီယို ကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်ခဲ့သည်မှာ ငါးလကျော်ကာလအထိ ရောက်ရှိပြီဖြစ်၍ ငလျင်ကြောင့် ပျက်စီးခဲ့ရသော ရုံးနှင့်လူနေ အဆောက်အအုံများကို အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့် နှင့် အနီရောင်အဆင့်အဖြစ် ခွဲခြားသတ်မှတ်၍ ပြုပြင်ပေးနေခြင်းအား အမြန်ပြီးစီးစေရေး တာဝန်ရှိသူများက ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း။

ခန့်မှန်းခြေစာရင်းများကိုလည်း အမြန်တွက်ချက်၍ ပေးပို့တင်ပြစေလိုပါကြောင်း၊ သို့မှသာ စိစစ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ရန်ပုံငွေများ ဆက်လက် တင်ပြတောင်းခံနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်း အိမ်ရာ ၅၂ လုံးကို အသစ်စတင် တည်ဆောက်လျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် အရည်အသွေးမီရေး စနစ်တကျ ဆောင်ရွက်ရန် လိုပါကြောင်း၊ နည်းပညာအကူအညီပေးရေးနှင့် စစ်ဆေးရေးအဖွဲ့များတွင် အင်ဂျင်နီယာအသင်းအဖွဲ့ များမှ ပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင် အင်ဂျင်နီယာများနှင့်အတူ ပျက်စီးမှုများ အလိုက် ပြန်လည်ပြင်ဆင်နိုင်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့်လည်း နိုင်ငံပိုင်ရုံးအဆောက်အအုံ၊ ဝန်ထမ်း အိမ်ရာများနှင့် သာသနိကအဆောက်အအုံများ စနစ်တကျပြုပြင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် နိုင်ငံပိုင်အဆောက်အအုံများအား ဖျက်သိမ်းခြင်းနှင့် စာရင်းမှ ပယ်ဖျက်ခြင်းဆိုင်ရာ ညွှန်ကြားချက် (၂/၂၀၂၅) အရ ဖျက်သိမ်းရမည့် နိုင်ငံပိုင်အဆောက်အအုံများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက မြန်မြန်ဆန်ဆန် စုစည်း တင်ပြပေးရန် လိုအပ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure - SOP) နှင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ - ၂၀၂၅ (MNBC-2025) သည် အဆောက်အအုံများ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ရာတွင် များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက ငလျင်ကာလအလွန် အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ငလျင်ကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဥက္ကဋ္ဌတို့က ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးနေမျိုးလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ၌ ပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများနှင့်တွေ့ဆုံသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ တက္ကသိုလ်ရှိ စာသင်ဆောင်များနှင့် အဆောက်အအုံ များ အမြန်ပြီးမြောက်ရေး ကြီးကြပ်ဆောင်ရွက်ကြရန်၊ တက္ကသိုလ်အလိုက် စည်းကမ်းထိန်းသိမ်းရေး၊ ဝတ်စားဆင်ယင်မှုနှင့် မြန်မာ့ယဉ်ကျေးမှုထိန်းသိမ်း ရေးတို့ကို ကြီးကြပ်ဆောင်ရွက်ရန် မှာကြားပြီး ဒုတိယဝန်ကြီးများက နှုတ်ခွန်းဆက်စကားပြောကြား ကြသည်။

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တ ပါမောက္ခချုပ်က တက္ကသိုလ်၏ သင်ကြားစီမံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများက လိုအပ်သည်များ ကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းနှင့် စစ်ကိုင်းပညာရေး ဒီဂရီကောလိပ်ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး ကျောင်းအတွင်း စာသင်ဆောင်ပြုပြင် တည်ဆောက်ထားရှိမှု၊ ယာယီစာသင်ဆောင်များတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ သင်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု ကာ လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် မန္တလေးမြို့ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မန္တလေး တိုင်းဒေသကြီး ပညာရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာ ရေးမှူးများ၊ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရမှ ပညာရေး တိုးတက်မြင့်မားအောင် အထူးအားပေး လျက်ရှိရာ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ ကျောင်းသား ကျောင်းသူများ အမှန်တကယ်စာတတ် မြောက်အောင်သင်ကြားပေးကြရန် ဆွေးနွေးမှာကြား ပြီး ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတက္ကသိုလ် သုတေသနစင်တာ၌ ကျင်းပ ပြုလုပ်သည့် မန္တလေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်ကျင်းပရေးဆွေးနွေးပွဲသို့ တက်ရောက် ၍ မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ကျောင်းသားဟောင်းများက မန္တလေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြံပြုချက် များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရာပြည့်သဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပညာရေး ဝန်ကြီးဌာနက ပေးအပ်လှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၁၀၀ ကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

## မကွေးမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



မကွေး စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာန မှူးရုံးက နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ အပြည့်အဝကောက်ခံ ရရှိရေးအတွက် အခွန်ပညာပေးရှင်းလင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေး မြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မကွေးတိုင်း ဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက တက်ရောက်လာသည့် ဌာနဆိုင်ရာများ အား လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက်ရရှိသူဖြစ်လျှင် လစာ ခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ပေးသွင်းခြင်းနှင့် တင်ဒါလုပ်ငန်းတွင် ကုန်သွယ်လုပ်ငန်း ခွန် ငါးရာခိုင်နှုန်းတွက်ချက်မှုနှင့် ပင်ရင်း မှ ဖြတ်တောက်ပေးသွင်းငွေ နှစ်ရာခိုင် နှုန်း တွက်ချက်မှုဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး ဌာန ဆိုင်ရာများက သိလိုသည့်မေးမြန်းဆွေးနွေး ချက်များကို ပြန်လည်ဖြေကြားပေးသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ငွေစာရင်းတာဝန်ခံအရာရှိများ၊ ဖိတ်ကြား ထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်ဆက်)





# ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် အကြိုလုပ်ရှားမှု ဆရာတော် သံဃာတော် သီလရှင်များ၊ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆွမ်း၊ သင်္ကန်းနှင့် ဆေးဝါးများဆက်ကပ်လှူဒါန်းခြင်း အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၄**

ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံ သက်ကြီးရွယ်အို ဆေးကုပညာရှင်များအသင်း၊ မန္တလေး သက်ကြီးရွယ်အိုစောင့်ရှောက်မှု ဆေးပညာဌာနနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့ပူးပေါင်း၍ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သီလရှင်များ၊ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဆွမ်း၊ သင်္ကန်းနှင့် ဆေးဝါးများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မန်းတောင်ရိပ်(၉)ထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကွန်းတောင်ရိုး သီရိမကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂဓမ္မ အမှူးပြုပြီး ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သီလရှင်များနှင့် ဘိုးဘွားများ တက်ရောက်ချီးမြှင့်ကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာ၊ဆရာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး စစ်ကိုင်းမြို့နယ်၊ မြို့နယ်သံဃနာယက၊ မင်းကွန်းတောင်ရိုး၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသာသနာပြုအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍသာဘထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အောက်တိုဘာ ၁ ရက်နေ့တွင်ကျရောက်မည့် ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ အကြိုအထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များနှင့် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆွမ်း၊ သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒများ ခံယူခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများ၊ သံဃာတော်များထံ သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး တရားတော်နာယူ ကြည်ညိုကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းများ ပေးဝေကြသည်။

ငင်းနောက် ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သီလရှင်များနှင့် ဘိုးဘွားများကို မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြု၊ ဆရာ၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှုကြည်ညိုခဲ့ကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်



**မန္တလေး စက်တင်ဘာ ၄**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးအမျိုးသမီးဘောလုံးအသင်းအောင်မြင်မှု ရရှိစေရန်နှင့် ထူးချွန်ထက်မြက်သော တိုင်းဒေသကြီးလက်ရွေးစင်၊ နိုင်ငံ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ အမျိုးသမီးအားကစားတွင် သာမက အမျိုးသမီးကဏ္ဍများတွင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ အမျိုးသမီးထုကြံ့ခိုင်မှုဖြင့် ကမ္ဘာ့အဆင့်မီတက်လှမ်းမည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဘောလုံးအားကစားနည်းတွင်သာမက အခြားအားကစားနည်းများတွင်လည်း တိုင်းအဆင့်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြား၍ ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားခရိုင်ပေါင်းစုံအသက်(၂၅)နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင် အားကစားသမားများကို လိုက်လံနှုတ်ဆက်အားပေးစကားများပြောကြားပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် အခမ်းအနားအစီအစဉ်အတိုင်းဆက်လက်ကျင်းပခဲ့ကာ ရမည်းသင်းခရိုင်အသင်းနှင့် မဟာအောင်မြေခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)





# ပါကစ္စတန်နိုင်ငံက အိမ်မိုးချင်း အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီ ၁၀၅ တန် ပေးအပ်

**အစ္စလာမာဘတ် စက်တင်ဘာ ၄**

ပါကစ္စတန်နိုင်ငံက အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီ ၁၀၅ တန်ကို ပေးအပ်ခဲ့ကြောင်း ပါကစ္စတန် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် အီဟတ်ဒါက ယနေ့ပြောကြားသည်။

အဆိုပါအကူအညီများတွင် အစားအစာ၊ ဆေးဝါးများ၊ ရွက်ဖျင်တဲများ၊ စောင်များနှင့် ဖျာများ ပါဝင်ကြောင်း အီဟတ်ဒါက ဆက်လက်ပြောကြားသည်။

အာဖဂန်နိုင်ငံခြားရေးဝန်ကြီး အာမာခန်မတ်တာခီနှင့် တယ်လီဖုန်းပြောပြီးနောက် ပါကစ္စတန်အစိုးရက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးအကူအညီ ၁၀၅ တန်ကို အာဖဂန်နစ္စတန်သို့ ပေးပို့ခဲ့ကြောင်း ပါကစ္စတန် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် အီဟတ်ဒါက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှုအတွက် ဝမ်းနည်းကြောင်းနှင့် ဒဏ်ရာရသူများကို အမြန်ဆုံး ပြန်လည်ကောင်းမွန်လာစေရန် အီဟတ်ဒါက တောင်းဆုပြုခဲ့သည်။

ထို့ပြင် ပါကစ္စတန်၏ သွေးစည်းညီညွတ်မှုကို ပြသပြီး အာဖဂန်ပြည်သူများနှင့်အတူတကွ အမြဲရှိနေမည်ဖြစ်ကြောင်း အီဟတ်ဒါက ပြောကြားခဲ့သည်။ ဩဂုတ် ၃၁ ရက်က အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ လူ ၂၂၀၅ ဦး သေဆုံးကာ ၃၆၄၀ ဒဏ်ရာ ရရှိပြီး အိမ်ခြေထောင်ပေါင်းများစွာ ပျက်စီးခဲ့ကြောင်း အာဖဂန်အာဏာပိုင်များက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်



# တရုတ်အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၊ ချန်တူမြို့၊ ကျင်းကျန်ခရိုင်တွင် ပြည်ပထွက်ခွာသူများအား အခွန်ပြန်အမ်းပေးမည့် မူဝါဒမြှင့်တင်ပေးနေ

**ပေကျင်း စက်တင်ဘာ ၄**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ်၊ ချန်တူမြို့၊ ကျင်းကျန်ခရိုင်တွင် စီးပွားရေးလုပ်ငန်းများကို အခြားအဆင့်သို့ မြှင့်တင်ရန်အတွက် ပွဲဦးထွက် စီးပွားရေးနှင့် ပြည်ပသို့ ထွက်ခွာသူများအတွက် အခွန်ပြန်အမ်းပေးမည့်မူဝါဒကို မြှင့်တင်ပေးနေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါခရိုင်တွင် လက်ရှိအချိန်အထိ နိုင်ငံတကာအမှတ်တံဆိပ်ပေါင်း ၂၀၀၀ နီးပါး ပါရှိသည့် ပွဲဦးထွက်ဆိုင် ၆၀၀ ကျော်ကို ဖွင့်လှစ်ထားပြီး ၎င်းတို့သည် မြို့၏ ပွဲဦးထွက်စီးပွားရေးအရင်းအမြစ် ၃၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုသည်။

"ယန္တရားဆိုင်ရာတီထွင်ဆန်းသစ်မှုမှာ ကျွန်တော်တို့ဟာ ပထမဆုံးသော နိုင်ငံတော် ပွဲဦးထွက် စီးပွားရေးမြှင့်တင်ရေး စင်တာနဲ့ ပထမဆုံးသော ပွဲဦးထွက် စီးပွားရေးသုတေသနဌာနကို ဦးဆောင်ပြီး တည်ထောင်ခဲ့ရုံသာမကဘဲ ချန်တူနဲ့ ချုံချင်မှာရှိတဲ့ ဦးဆောင်စီးပွားရေးလုပ်ငန်းနဲ့ အဖွဲ့အစည်းပေါင်း ၅၀ ကျော်သည် ပထမဆုံးသော ပွဲဦးထွက်စီးပွားရေး မဟာမိတ်အဖွဲ့ကိုပါ ဖွဲ့စည်းပြီး စက်မှုလုပ်ငန်းကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေး၊ အရင်းအမြစ်မျှဝေရေး၊ လိုအပ်ချက်ကိုက်ညီမှုနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ခဲ့ပါတယ်"ဟု ကျင်းကျန်ပွဲဦးထွက် စီးပွားရေးမြှင့်တင်ရေး စင်တာ၏ ညွှန်ကြားရေးမှူးဖြစ်သူ ဆွန်ချူက ရှင်းလင်းပြောကြားသည်။

"လုပ်ငန်းများကို တိကျသေချာတဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် ကျွန်တော်တို့ဟာ ရွှေတံဆိပ်အသင်းဝင် ဝန်ဆောင်မှုစနစ်ကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပရော်ဖက်ရှင်နယ် ဝန်ဆောင်မှုအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းတွေအတွက် တစ်ဦးချင်းကျွမ်းကျင်သူတွေ ထားရှိပေးခြင်းဖြင့် သုတေသနနဲ့ ဒီဇိုင်းဆွဲခြင်း၊ ခင်းကျင်းပြသခြင်းနဲ့ ရောင်းချခြင်းအပြင် အကောင်အထည်ဖော်ခြင်းနဲ့ လုပ်ကိုင်ခြင်း စတဲ့ဘဝစက်ဝန်းတစ်လျှောက်လုံးအတွက် ဝန်ဆောင်မှုအပြည့်အဝပေးနေပါတယ်။ မူဝါဒဆိုင်ရာ ကိရိယာအစုံအလင်မှာ သိပ္ပံနဲ့ နည်းပညာဆိုင်ရာ၊ တီထွင်ဆန်းသစ်မှုဆိုင်ရာ ပံ့ပိုးမှုနဲ့ စတင်ဖွင့်လှစ်မှုအတွက် ဆုချီးမြှင့်ခြင်း စတဲ့ နယ်ပယ်အများအပြားပါဝင်ပါတယ်။ (၁၂) ကြိမ်မြောက် ချန်တူ FISU ကမ္ဘာ့တက္ကသိုလ်အားကစားပွဲတော်အတွင်းမှာ ခွင့်ပြုချက်ရယူမယ့်အချိန်ကို ၇ ရက်မှ ၁၀ ရက်ကြားကနေ ၂ ရက်မှ ၃ ရက်အထိ လျှော့ချနိုင်ခဲ့ပါတယ်"ဟု ၎င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။ **Mon**

# အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ရေကြီးမှုများဖြစ်ပွားပြီးနောက် မိုးကြိုးမုန်တိုင်းများ ထပ်မံကျရောက်မည်ဟု ခန့်မှန်း



**ဒေလီ စက်တင်ဘာ ၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် စက်တင်ဘာ ၃ ရက်က ရေကြီးမှုများကြောင့် လူအနည်းဆုံး ငါးဦး သေဆုံးပြီး မိုးကြိုးမုန်တိုင်းများ ထပ်မံကျရောက်မည်ဟု ခန့်မှန်းထားသည်။ မြို့တော်ဒေလီရှိ မြစ်ကမ်းဘေးမှလူပေါင်း ၁၀၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ မုတ်သုံရာသီသည်အထူးပင် အားကောင်းခဲ့ရာ ဩဂုတ်လတစ်လတည်းတွင်ပင် အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ လူပေါင်း ၁၃၀ ကျော် သေဆုံးခဲ့ပြီး ကျေးရွာများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့သည်။

နောက်ဆုံးဖြစ်ပွားသော ရေကြီးမှုသည် ဂျမ်မူ၊ ကက်ရှ်မီးယား၊ ဟီမာချယ်ပရာဒက်ရှ်၊ အူတာခန်ဒ်နှင့် ပန်ဂျပ်ပြည်နယ် မြောက်ပိုင်းသို့ ရိုက်ခတ်ကာ ချန်နပ်နှင့် တာဝီမြစ်တို့သည် နေရာအများအပြားတွင် ရေဘေးအန္တရာယ်အဆင့်ထက် ကျော်လွန်သွားခဲ့သည်။

ရေလျှံနေသောမြစ်များသည် မြေပြိုမှုများကိုဖြစ်ပေါ်စေပြီး လမ်းများစွာကို ပျက်စီးစေခဲ့ရာ ဂျမ်မူနှင့် ဟီမာချယ်တို့ရှိ တောင်ကုန်းဒေသများသည် အိန္ဒိယနိုင်ငံ၏ ကျန်နေရာများနှင့် အဆက်အသွယ်ပြတ်တောက်စေခဲ့သည်။

စက်တင်ဘာ ၃ ရက်တွင် ဂျမ်မူနှင့် ဟီမာချယ်ပရာဒက်ရှ် ပြည်နယ်ရှိ ရာဂျော်ရီနှင့် မန်ဒီခရိုင်များတွင် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီးနောက် လူအနည်းဆုံး ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။ **Mon**

# လစ္စဘွန်းမြို့တော်၌ ဖြစ်ပွားသော ဂလိုရီယာဓာတ်ရထား လမ်းချော်မှုသည် လူအနည်းဆုံး ၁၅ ဦး သေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆို

**လစ္စဘွန်း စက်တင်ဘာ ၄**

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တော်၌ ယမန်နေ့ကဖြစ်ပွားသော ဂလိုရီယာ ဓာတ်ရထားလမ်းချော်မှုတွင် လူအနည်းဆုံး ၁၅ ဦး သေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါဓာတ်ရထားလိုင်းသည် ကမ္ဘာလှည့်ခရီးသွားများအကြားတွင် လူကြိုက်များပြီး မြို့တော်၏အမှတ်အသားများထဲမှ တစ်ခုဖြစ်သည်။

အာဏာပိုင်များက သေဆုံးသူများ၏အမည်နှင့် နိုင်ငံသားများကို ဖော်ပြခဲ့ခြင်းမရှိသော်လည်း နိုင်ငံခြားသားအချို့ သေဆုံးသူများထဲတွင်ပါဝင်ကာ လူငါးဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

"ဒီနေ့ဟာ ကျွန်တော်တို့မြို့အတွက် ကြေကွဲဖွယ်နေ့တစ်နေ့ဖြစ်ပါတယ်။ လစ္စဘွန်းမြို့ဟာ ဝမ်းနည်းပူဆွေးနေပါတယ်၊ ဒီဖြစ်ရပ်ဟာ ကြေကွဲဖွယ်ရာဖြစ်ရပ်တစ်ခုပါ"ဟု လစ္စဘွန်းမြို့တော်ဝန်ဖြစ်သူ ကားလို့စ်မိုဒက်စ်က သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## နာဇီခေတ်က ပျောက်ဆုံးခဲ့သော ပုံတူပန်းချီကား အာဂျင်တီးနားနိုင်ငံတွင် မထင်မှတ်ဘဲပြန်လည်တွေ့ရှိ

**ဗျူးနိုအေရီးစ် စက်တင်ဘာ ၄**

ဂျာမန်နာဇီများ သိမ်းပိုက်ထားခဲ့သော ဥရောပတိုက်မှ ဆယ်စုနှစ်များစွာကတည်းက ခိုးယူခံရပြီး ပျောက်ဆုံးနေသော ပန်းချီကားတစ်ချပ်ကို အာဂျင်တီးနားနိုင်ငံတွင် မကြာသေးမီက မထင်မှတ်ဘဲ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အီတလီပန်းချီပညာရှင် ဂျူဆက်ပ်ပေး ဂစ်လန်ဒီ၏ "အမျိုးသမီးတစ်ဦး၏ပုံတူ"ဟု အမည်ရသော အဆိုပါပန်းချီကားသည် နှစ်ပေါင်း ၈၀ ကြာ ပျောက်ဆုံးနေခဲ့ရာ ပြီးခဲ့သောလက အိမ်ခြံမြေရောင်းဝယ်ရေး ဝက်ဘ်ဆိုက်တစ်ခုတွင် ကြော်ငြာထားသော ဓာတ်ပုံထဲ၌ ပြန်လည်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ယင်းပန်းချီကားကို နာဇီထွက်ပြေးတိမ်းရှောင်သူ၏ သမီးပိုင်ဆိုင်သော အိမ်တစ်အိမ်တွင် ချိတ်ဆွဲထားခြင်းဖြစ်ပြီး ရောင်းရန်ကြော်ငြာထားခြင်းဖြစ်သည်ဟု ဆိုသည်။

ပန်းချီကားကို ပိုင်ဆိုင်သော ပါထရစ်ရှာခတ်ဂယန်၏ ဖခင် ဖရိုင်းဒရစ် ခတ်ဂယန်သည် ဥရောပတိုက်တစ်ဝန်းမှ အနုပညာလက်ရာ ထောင်ပေါင်းများစွာကို ခိုးယူခဲ့သော အဒေါ့ဖ်ဟစ်တလာ၏ လက်ထောက် ဟာမန်းဂိုးရင်း၏ အကြံပေးထိပ်တန်း ပုဂ္ဂိုလ်ဖြစ်ခဲ့ဖူးသည်။

ပန်းချီကားရှာဖွေတွေ့ရှိရန် အစောပိုင်းက ၎င်း၏ ပိုင်ဆိုင်မှုများကို ရှာဖွေခဲ့သော်လည်း မတွေ့ရှိခဲ့သောကြောင့် အိမ်အကျယ်ချုပ်ကျခံနေရသော မစ္စခတ်ဂယန်၏ ရှေ့နေက ပန်းချီကားကို ပြန်လည်ပေးအပ်ခဲ့ကြောင်း အစိုးရရှေ့နေများက ရှင်းပြသည်။

အဆိုပါပန်းချီကားသည် ၁၇၁၀ ပြည့်နှစ်က လက်ရာဖြစ်ပြီး သူ့ခေတ်သူ့အခါနှင့်ယှဉ်လျှင် ကောင်းမွန်သော အခြေအနေတွင် ရှိနေကြောင်း အနုပညာကျွမ်းကျင်သူ အေရီယယ်ဘာဆာနိုက သုံးသပ်ပြောကြားသည်။

ဒေသတွင်းသတင်းစာဖြစ်သော ဒလာကက်ပီတယ် မာဒယ် ပလာတာ၏ ဖော်ပြချက်အရ ပန်းချီကား၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဝန်းကျင် ရှိနိုင်ကြောင်း သိရသည်။ **Mon**



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**တောင်တွင်းကြီး စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်းကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက တောင်တွင်းကြီးမြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်း (မြို့ဦး)တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အလုပ်ရှင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာမူများ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်သုံးရပ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်နှင့်သတ်မှတ်ချက်များ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေမှ ကလေးအလုပ်သမားများ၏ အသက်အရွယ် စသည့် အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။



ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ခင်းကျင်းပြသထားသည့် အသိပညာဗဟုသုတကြွယ်ဝဖို့ စာအုပ်စာပေဖတ်ကြစို့ နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**



## အောင်မြေသာစံမြို့နယ် သီရိမာလာဈေး မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ သီရိမာလာဈေးတွင် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ခြင်းတွင် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များမှ မီးလောင်မှု၊ မီးလန့်မှုများ လျော့နည်းကျဆင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော မီးဘေးလုံခြုံရေးစစ်ဆေးအကြံပေးခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်အသုံးပြုနိုင်သည့် အနေအထား ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဈေးသည်များအား မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၇၀)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁ ရက် ည ၉ နာရီခွဲတွင် ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ပျဉ်းမနားမြို့နယ်၊ ရန်အောင် (၁)ရပ်ကွက်ရှိ တံတားအနီး အရောက်၌ အဆိုပါရပ်ကွက်နေ လင်းထက်အောင် ၂၀ နှစ်ဆိုသူအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ၄င်းထံမှ ဓားဦးချွန်နှစ်ချောင်းတွေ့ရှိရသဖြင့် လင်းထက်အောင် ဆိုသူအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## သုံးလုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**တာချီလိတ် စက်တင်ဘာ ၄**

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၌ သုံးလုံးထီလောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီး အရေးယူထားကြောင်း သိရ သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁ ရက် နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ဝမ်ကောင်းရပ်ကွက်၊ ဘုရင့်နောင်ဈေးရှိ မုန့်ဆိုင်၌ တရားမဝင်သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဈေးဆိုင်၌ ကျော်ဆန်းဝင်း ၄၅ နှစ်ဆိုသူအား သုံးလုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ကျော်ဆန်းဝင်းဆိုသူအား အမှုဖွင့် အရေးယူထားကြောင်း သိရ သည်။

(ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*



## မန္တလေး-နေပြည်တော် ပြေးဆွဲသည့် ခရီးသည်တင်ယာဉ် ဘရိတ်ပေါက်၍ ချောက်အတွင်းသို့ထိုးကျ၍ နေအိမ်ပေါ်သို့ ပိမိ၍ ရှာဖွေကယ်ဆယ်ပေး

**နေပြည်တော် စက်တင်ဘာ ၄**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုကားလမ်း၊ မိုင်တိုင်အမှတ်(၁၇/၄) မင်းကုန်းကျေးရွာအုပ်စု၊ ကျွဲရှင်းလမ်းဆုံတွင် မန္တလေး-နေပြည်တော် ပြေးဆွဲသောခရီးသည်တင်ယာဉ်သည် စက်တင်ဘာ ၃ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်က ဘရိတ်ပေါက်၍ ဆိုင်ကယ်ပြင်ဆိုင်အား ဝင်တိုက်မိပြီး ချောက်အတွင်းသို့ ထိုးကျကာ ချောက်အတွင်းရှိ နေအိမ်ပေါ်သို့ ပိမိနေကြောင်း သတင်းရရှိသဖြင့် တောင်ညိုမီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေး ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ဆိုင်ကယ်ပြင်ဆိုင်တွင် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် အမျိုးသမီးတစ်ဦး သေဆုံး၊ နေအိမ်အတွင်းရှိ အမျိုးသားတစ်ဦး သေဆုံး၊ ယာဉ်ပေါ်ပါ အမျိုးသား ၂၁ ဦး၊ အမျိုးသမီးခြောက်ဦးအနက် အမျိုးသားလေးဦး၊ အမျိုးသမီးငါးဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား တံတားဦးကျေးရွာမှ သုခဒါနပရဟိတအသင်းမှ သူနာတင်ယာဉ်သုံးစီးဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။ **(၀၄၅)**

## ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာ အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိ

**ကျိုင်းတုံ စက်တင်ဘာ ၄**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာ အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ၂ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂ ရက် နံနက် ၇ နာရီ ၅၀ မိနစ်တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ပန်လော့(အထက်ကျေးရွာ)အနီး ကျိုင်းတုံ-တာချီလိတ်ကားလမ်း ပန်ကွဲတောင်ကုန်းအဆင်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တာချီလိတ်မြို့မှ ကျိုင်းတုံမြို့ဘက်သို့ ---ဆောက်လုပ်ရေးကုမ္ပဏီမှ ယာဉ်မောင်းဖြစ်သူ ကျိုင်းတုံမြို့နယ်၊ ပန်ကွဲကျေးရွာနေ ငြိမ်းချမ်းအောင် ၃၄ နှစ်ဆိုသူ မောင်းနှင်ပြီး အဆိုပါကုမ္ပဏီမှ လမ်းလုပ်သားများ လိုက်ပါလာသည့် 3N/---- DONGFENG ခြောက်ဘီးမော်တော်ယာဉ်သည် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ ရေမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် လမ်းလုပ်သားများအနက်မှ ပန်းကွဲတောင်ကျေးရွာနေ အောင်မင်းသိန်း ၂၂နှစ်ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိကာ သေဆုံးခဲ့ပြီး ယာဉ်မောင်း ငြိမ်းချမ်းအောင်ပါ အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီးနှစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီး ရရှိခဲ့သဖြင့် ငြိမ်းချမ်းအောင်ဆိုသူအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# နိုင်ငံတကာ အားကစား သတင်းများ

## စတာလင်ကို စာချုပ်သက်တမ်းတိုးရန် ချဲလ်ဆီးအသင်း စီစဉ်




**လန်ဒန် စက်တင်ဘာ ၄**

ချဲလ်ဆီးအသင်းသည် အသင်းတောင်ပံကစားသမား စတာလင်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ စတာလင်သည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းထုတ်ပြန်ချက်တွင် "စတာလင်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)**

**(NGB)**

## အန်ဂျယ်လိုစတေလာက စတုဂတ်အသင်းတွင် ဆက်ရှိသွားမည်

**မြူးနစ် စက်တင်ဘာ ၄**

ကွင်းလယ်ကစားသမား အန်ဂျယ်လိုစတေလာကအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု စတုဂတ်အသင်းက အတည်ပြုခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မန်ယူအသင်းက ခေါ်ယူရန် ကမ်းလှမ်းသော်လည်း ၎င်း၏ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား အန်ဂျယ်လိုစတေလာသည် စတုဂတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၄ပွဲကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

စတုဂတ်အသင်းထုတ်ပြန်ချက်တွင် "အန်ဂျယ်လိုစတေလာ အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)**

**(NGB)**




## ဂွန်ဒိုဂန် ဂါလာတာစာရေးအသင်းတွင် ကျောနံပါတ် (၂၀)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် စက်တင်ဘာ ၄**

ကွင်းလယ်ကစားသမား ဂွန်ဒိုဂန် ဂါလာတာစာရေးအသင်းတွင် ကျောနံပါတ် (၂၀)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်စီးတီးအသင်းမှ ဂါလာတာစာရေးအသင်းသို့ ၂နှစ်စာချုပ် ချုပ်ဆိုကာ ရောက်ရှိလာခြင်းဖြစ်သည်။ **(ယာပုံ)**




ကွင်းလယ်ကစားသမား ဂွန်ဒိုဂန်သည် မန်စီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၄ပွဲကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂါလာတာစာရေးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂွန်ဒိုဂန်က "ကျွန်တော် ဂါလာတာစာရေးအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**

## နည်းပြ ပိုစတီကိုဂလူးကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဖီနာဘာချီအသင်း ဆွေးနွေး



**လန်ဒန် စက်တင်ဘာ ၄**

ဖီနာဘာချီအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ပိုစတီကိုဂလူးကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၆၀)နှစ်အရွယ်ရှိ နည်းပြ ပိုစတီကိုဂလူးကလည်း ဖီနာဘာချီအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဆဲလ်တစ်၊ စပါးစသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဖီနာဘာချီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလာခြင်းဖြစ်သည်။

ထို့ကြောင့် နည်းပြ ပိုစတီကိုဂလူးကို ဖီနာဘာချီအသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

0-0-0-0-0

## ဆင်မြူရယ်အမ်တီတီ ဘောလုံးကစားသမားဘဝမှ အနားယူဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်

**လန်ဒန် စက်တင်ဘာ ၄**

ဘာစီလိုနာအသင်းနှင့်လိုင်လီအသင်း နောက်ခံကစားသမားဟောင်း ဆင်မြူရယ်အမ်တီတီသည် ယခုစက်တင်ဘာလအတွင်း အသင်းသစ်တစ်သင်း ရှာဖွေတွေ့ရှိမှုမရှိပါက ဘောလုံးကစားသမားဘဝမှ အနားယူသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။




အသက်(၃၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ၂၀၂၄ခုနှစ်ကတည်းက ဒဏ်ရာပြဿနာများကြောင့် လိုင်လီအသင်းနှင့် လမ်းခွဲခဲ့ကာ လက်ရှိအချိန်အထိ အသင်းလက်မဲ့ဖြစ်နေလျက်ရှိသည်။

နောက်ခံကစားသမား ဆင်မြူရယ်အမ်တီတီသည် ကစားသမားဘဝတစ်လျှောက်တွင် ဘာစီလိုနာ၊ လိုင်လီ၊ လက်ချီ၊ လိုင်ယွန်စသည့် ကလပ်အသင်းများစွာတွင် ကစားခဲ့ဖူးသည်။ **(ဝဲပုံ) (NGB)**

## လော့ဖ်တက်စ်ချိခ် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပြန်လည်ရွေးချယ်ခြင်းခံရ

**လန်ဒန် စက်တင်ဘာ ၄**

အေစီမီလန်အသင်း ကွင်းလယ်ကစားသမား လော့ဖ်တက်စ်ချိခ် ခုနှစ်နှစ်နီးပါးအကြာတွင် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် တစ်ကျော့ပြန် ပြန်လည်ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကလပ်အသင်းဖြစ်သည့် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံပွဲပေါင်း ၇၀ကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

အသက်(၂၉)နှစ်အရွယ်ရှိ လော့ဖ်တက်စ်ချိခ်က "ကျွန်တော် အခုလို အင်္ဂလန်လက်ရွေးစင်အသင်းမှာ ပြန်လည်ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေရရှိအောင် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

အင်္ဂလန်လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲစဉ်အဖြစ် လာမည့်စက်တင်ဘာ ၆ ရက်တွင် အန်ဒိုရာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Naomi Osaka တက်ရောက်

**နယူးယောက် စက်တင်ဘာ ၄**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော်တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျပန်တင်းနစ်မယ် Naomi Osaka တက်ရောက်ခဲ့သည်။

အဆိုပါ ဂျပန်တင်းနစ်မယ် Naomi Osaka သည် 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် Karolina Muchova ကို ၆-၄၊ ၇-၆ဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။




2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျပန်တင်းနစ်မယ် Naomi Osaka နှင့် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Amanda Anisimova တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲ-အုပ်စုအဆင့်ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ–ကျော့ရလဒ် |
|---|---|---|---|---|
| ၆-၉-၂၀၂၅ စနေနေ့ | နံနက် ၀၁း၁၅နာရီ | C | ဒိန်းမတ် - စကော့တလန် | ——— |
| ။ | ။ | L | ဖာရိုးကျွန်းစုများ - ခရိုအေးရှား | ——— |
| ။ | ။ | C | ဂရိ - ဘီလာရုစ် | ——— |
| ။ | ။ | D | အိုက်စလန် - အဇာဘိုင်ဂျန် | ——— |
| ။ | ။ | I | အီတလီ - အက်စ်တိုးနီးယား | ——— |
| ။ | ။ | I | မော်လ်ဒိုဗာ - အစ္စရေးလ် | ——— |
| ။ | ။ | L | မွန်တီနီဂရိုး - ချက် | ချက် ၂-၀ မွန်တီနီဂရိုး |
| ။ | ။ | B | ဆလိုဗေးနီးယား - ဆွီဒင် | ——— |
| ။ | ။ | B | ဆွစ်ဇာလန် - ကိုဆိုဗို | ——— |
| ။ | ။ | D | ယူကရိန်း - ပြင်သစ် | ——— |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၅-၉-၂၀၂၅ သောကြာနေ့ | ညနေ ၄း၁၅နာရီ | ဩစတြေးလျ - နယူးဇီလန် |
| ။ | ည ၈း၀၀နာရီ | အင်ဒိုနီးရှား - တရုတ်တိုင်ပေ |
| ၆-၉-၂၀၂၅ | နံနက် ၀၀း၃၀နာရီ | ရိုမေးနီးယား - ကနေဒါ |

# မြို့တော်ဝန် ဦးကျော်ဆန်း အမရပူရမြို့နယ် ရှမ်းကလေးကျွန်းမှ ရွှေခဲကြားလမ်းပိုင်းအား အပိုင်း(၂)ပိုင်းခွဲ၍ နိုင်လွန်ကတ္တရာလမ်း အကြီးစားပြန်လည်ပြုပြင်ခြင်းလုပ်ငန်း အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး





**မန္တလေး စက်တင်ဘာ ၄**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော မန္တလေးမြို့ပတ်ကမ်းနားလမ်းမကြီးမှာ နိမ့်ကျွံကျခြင်း၊ နိုင်လွန်ကတ္တရာလမ်းများကွဲအက်ပျက်စီးခြင်းနှင့် အောက်သို့ နိမ့်ဆင်းခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အမရပူရမြို့နယ်(ရှမ်းကလေးကျွန်းမှ ရွှေခဲကြား)လမ်းပိုင်းအား အပိုင်း(၂)ပိုင်းခွဲ၍ နိုင်လွန်ကတ္တရာလမ်းအကြီးစား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့ မွန်းလွဲပိုင်းက အဆိုပါ လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းခွင်အား သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့ပတ်ကမ်းနားလမ်း နိုင်လွန်ကတ္တရာလမ်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း အပိုင်း(၁)(ရှမ်းကလေးကျွန်းမှ အောင်သာဆီဆိုင်)ကြားနှင့် အပိုင်း(၂)(အောင်သာဆီဆိုင်နှင့် ရွှေခဲကြား)တို့တွင် တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ တာဝန်ခံအင်ဂျင်နီယာတို့က လေးပေအမြင့် မူလမြေသားနုတ်ခြင်းနှင့် အလွှာလိုက် ကျောက်ပျက်ဖြန့်ခြင်း၍ စက်ကြိတ်ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ လမ်းတံတားဌာနဌာနမှူးက အောက်ခံမြေလွှာသိပ်သည်းမှု စမ်းသပ်ခြင်း(CBR TEST) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လမ်းနယ်နိမိတ်သတ်မှတ်အလံတိုင်များ စိုက်ထူပြီးစီးမှုနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

မြို့ပတ်ကမ်းနားလမ်းမကြီးမှာ အပိုင်း(၁)အရှည်ပေ ၆၁၀၀၊ အပိုင်း(၂)အရှည်ပေ ၆၁၀၀ ဖြစ်ပြီး လမ်းလယ်ကျွန်းပေ ၂၀ အပါအဝင် လမ်းတစ်ဖက်လျှင် ၂၄ ပေစီ အကျယ်လမ်း နှစ်လမ်း စုစုပေါင်း ၆၈ ပေ မြေသားတာပေါင်အကျယ်တွင် နိုင်လွန်ကတ္တရာလမ်းတစ်ဘက် (၂၁)ပေစီ အသွား၊ အပြန်လမ်းခင်းခြင်းလုပ်ငန်းအား အကြီးစားပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ဆဲလမ်းပိုင်းအား ကျောက်ပျက်ဖြန့်ခင်း စက်ကြိတ်ခြင်းလုပ်ငန်းအား အလွှာလိုက် ရေဖျန်း၍ စနစ်တကျစက်ယန္တရားများဖြင့် ဆောင်ရွက်သွားရန်နှင့် သတ်မှတ် CBR ရရှိအောင် အောက်ခံမြေသားအား အလွှာလိုက် ရေဖျန်း၍ စနစ်တကျ ဖို့ကြိတ်ရန်၊ လုပ်ငန်းခွင်အတွက် ဆောင်ရွက်ထားသည့် လမ်းလွှဲများ အမြဲကောင်းမွန်ရေးပြုပြင်ဆောင်ရွက်ပေးရန်၊ လမ်းဘေး ဝဲ၊ယာ သစ်ပင်ကြီးများအောက်ခြေ ချုံနွယ်၊ ပေါင်းပင်များ၊ သစ်ကိုင်းများ ရှင်းလင်းခြင်း၊ စနစ်တကျတာပေါင်များသတ်မှတ်ပြီး အနိမ့်အမြင့်အတိုင်းတစ်ပါတည်းအတွင်း လမ်းပိုင်းအသစ်နှင့်အတူ တည်ဆောက်ပေးရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများ ဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးရှင်းလင်းပွဲ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းတာဝန်ခံ ဦးသန်းအောင်ကျော်နှင့် မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၃ရက် နံနက် ၁၀ နာရီက မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီးတာဝန်ခံ ဦးသန်းအောင်ကျော်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်မှစတင်ကျင်းပရန်အတွက် ပြင်ဆင်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ လွှတ်တော်မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းလွှာများကို ဥပဒေ၊ နည်း ဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ MEVM စက်များ ကိုင်တွယ်အသုံးပြုမှုနှင့် စပ်လျဉ်း၍ နည်းပညာအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်း၍ လေ့ကျင့်သင်ကြားပေးရေးကိစ္စရပ်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုအလိုက် မဲရုံများလျာထားဆောင်ရွက်၍ MEVM စက်များ သယ်ယူရွှေ့ပြောင်းမည့် အသေးစိတ်စီမံချက်ရေးဆွဲဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မန္တလေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများက ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သိလိုသည်များ မေးမြန်းခဲ့ရာ ကော်မရှင်အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးဇုန်တွင် တပှုန်စီးပွားရေးအသင်းနှင့်ချိတ်ဆက်၍ Tourism Promotion ဆောင်ရွက်ရန် အစီအစဉ်ရှိ

ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍတစ်ခုအနေဖြင့် မန္တလေးဇုန်တွင် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ မန္တလေးမြို့ အခြေစိုက်ထားသော တပှုန်စီးပွားရေးအသင်းဖြင့် ချိတ်ဆက်ကာ Tourism Promotion ဆောင်ရွက်သွားမည်ဟု သိရသည်။

မန္တလေးဇုန်အပါအဝင် ပြည်တွင်းခရီးစဉ်ဒေသများသို့ အပြန်အလှန် အလည်အပတ်ခရီးစဉ် (Fun Trips) များ စီစဉ်ဆောင်ရွက်သွားရန်ရှိသည်ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မန္တလေးဇုန် ဒုတိယဥက္ကဋ္ဌက ဦးဝဏ္ဏလွင်က ပြောသည်။

"မန္တလေးမှာရှိတဲ့ တပှုန်စီးပွားရေးအသင်းနဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့ MoU ရေးထိုးဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီအစီအစဉ်အရ သူတို့ဘက်ကနေ ကျွန်တော်တို့ဆီကို ခရီးသွားကိုယ်စားလှယ်တွေ လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်မယ်။ ကျွန်တော်တို့ဘက်ကလည်း သူတို့ ပြည်နယ်တွေကို သွားရောက်လည်ပတ်တဲ့ Fun Trips စီစဉ်ပြီး Tourism Promotion လုပ်ဖို့ MoU လက်မှတ်ထိုးဖို့ စကားပြောထားပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း အနေဖြင့် မန္တလေးဒေသနှင့် ပုဂံဇုန်၊ တောင်ကြီး-အင်းလေးဇုန် စသည်ဖြင့် ပြည်တွင်းမှ သဘာဝအခြေခံခရီးသွားဒေသများသို့ လည်ပတ်နိုင်ကြောင်း ကမ္ဘာလှည့်ခရီးသွားများ သိရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း ခရီးစဉ်ဒေသအသစ်များနှင့် ရှိပြီးဖြစ်သော ခရီးစဉ်ဒေသများကို ထိန်းသိမ်းမြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကျဆင်းခဲ့တဲ့ ခရီးသွားလုပ်ငန်းဟာ ခုဆိုရင် ဖွံ့ဖြိုးလာပြီ။ ပြည်တွင်းမှာ လာရောက်လည်ပတ်လို့ ရတယ်ဆိုတာ သိရှိအောင် လုပ်ခြင်းဖြင့် ပြန်လည်တိုးတက်လာမှာပါ။ ဒေသအသစ်တွေ ဖော်ထုတ်မယ်၊ ဒေသအဟောင်းတွေလည်း ထိန်းသိမ်းမှုတွေ လုပ်မယ်"ဟု ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တွင် နိုင်ငံတကာလေယာဉ်ကွင်းရှိသည့်အတွက် မန္တလေးဇုန်သာမက ပုဂံဇုန်၊ တောင်ကြီး-အင်းလေးဇုန်ဒေသများရှိ သဘာဝအခြေခံခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရန် Fun Trips စီစဉ်ဆောင်ရွက်ခြင်းဖြင့် Tourism Promotion ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

## အသိပေးကြေညာခြင်း

မန္တလေးမြို့တော်အား သန့်ရှင်းသာယာလှပသော ခေတ်မီမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အဓိကလမ်းမကြီးများ၊ လမ်း၊ ပလက်ဖောင်း၊ ရေမြောင်းများပေါ်တွင် ကျူးကျော်စုပုံ တည်ခင်းပစ္စည်းထားရှိခြင်း၊ ကျူးကျော်ဆောက်လုပ်ထားရှိခြင်း၊ ကျူးကျော်ရောင်းချခြင်းများကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အောက်ဖော်ပြပါ တားမြစ်ချက်များကို လိုက်နာရန် ဖြစ်ပါသည်။**

ပုဒ်မ-၁၀၆(စ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း၊ စင်္ကြံ၊ ပလက်ဖောင်းများပေါ်တွင် ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများချထားခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပစ္စည်းများစုပုံခြင်း၊ ရောင်းချခြင်း၊ ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊ နေလှန်းခြင်း မပြုရ။

ပုဒ်မ-၁၀၆(တ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကားပါကင်၊ မီးစက်၊ ထရန်စဖော်မာတို့ကို ခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း သုံးစွဲချထားခြင်း မပြုရ။

ပုဒ်မ-၁၀၉(ဂ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ၊ ကိုယ်ပိုင်ဈေးများ ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

ပုဒ်မ-၁၀၉(စ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း နံရံကပ်ဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ။ လှေကားခွင်တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

**သို့ဖြစ်ပါ၍ တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက အောက်ဖော်ပြပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။**

ပုဒ်မ-၁၁၂(က) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများအား ကော်မတီပိုင်အဖြစ် သိမ်းဆည်းခြင်း၊ ဒဏ်ကြေးငွေ အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ မှ အများဆုံး ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်း၊

ပုဒ်မ-၁၁၂(ခ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက သတိပေးခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

ပုဒ်မ-၁၁၅။ ထပ်မံကျူးလွန်ပါက အနည်းဆုံး ငွေဒဏ် ကျပ် ၂၀၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀၀ ထိ ဖြစ်စေ၊ ထောင်ဒဏ်(၁)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ချမ်းမြသာစည်မြို့နယ်တွင် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ပြုလုပ်

**မန္တလေး စက်တင်ဘာ ၄**

လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအတွက် မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ မဲပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်အား ပြည်သူများ သိရှိနားလည်စေရန်ရည်ရွယ်၍ ကျွန်းလုံးဥသျှောင်ရပ်ကွက်တွင် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်း သပ်မဲပေးခြင်းကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက သာသနာ့ ဝိပုလ္လဓမ္မာရုံ၌ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမောင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒုတိယဦးစီးမှူး ဒေါ်သိမ့်သိမ့်ဆွေက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ မဲပေးပုံ၊ မဲပေးနည်းများကို Power Point ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် တက်ရောက်လာကြသော မဲဆန္ဒရှင်ပြည်သူများက တစ်ဦးချင်း စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း၊ ချမ်းမြသာစည်မြို့နယ်၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁) ဗိုလ်မှူးထွန်းဇံဖြိုး၊ အဖွဲ့ဝင်(၂) ဦးတင်ထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့်မြို့နယ်၊ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



(အပေါ်ပုံ)

ချမ်းမြေ့(ချမ်း/စည်)



## အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲဆောင်ရွက်

**ဆီဆိုင် စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ထီတမောင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြီးဒါရယ်က လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့် အသိပညာဗဟုသုတ၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဦးဇော်ထွန်းက လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောကြပြီး မြို့နယ်အားကစားမှူး ဦးဇော်ထွန်းက ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၃၆၈)**

## လမ်းမကြီးများ ဝဲ၊ ယာ၌ရောင်းချနေသည့် လမ်းဘေးဈေးဆိုင်များ သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချရေး စစ်ဆေးပညာပေး

**ညောင်ဦး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် လမ်းမကြီးများ ဝဲ၊ ယာရှိ အိမ်ဆိုင်များနှင့် လမ်းဘေးဈေးဆိုင်များ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးပညာပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့များက လှည့်လည်စစ်ဆေးခဲ့ကြသည်။



ညောင်ဦးမြို့နယ်ကို သန့်ရှင်းသာယာ လှပရေးနှင့်မြို့အင်္ဂါရပ်နှင့်ညီညွတ်သည့် မြို့ဖြစ်စေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်၍ လမ်းမကြီးများ ဝဲ၊ ယာရှိ အိမ်ဆိုင်များနှင့် လမ်းဘေး ဈေးအရောင်း ဆိုင်ပိုင်ရှင်များအား ခေါ်ယူ၍ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ရောင်းချရေး ဆွေးနွေးပညာပေးခဲ့သည်။

အဆိုပါလမ်းဘေး ဝဲ၊ ယာရှိ ဈေးအရောင်းဆိုင်များအား သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ ဌာနဆိုင်ရာများဖြင့် အဖွဲ့ခွဲကာ လမ်းအလိုက် လှည့်လည်စစ်ဆေးကာ လိုအပ်သည်များ ဆွေးနွေးအသိပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (၄၈၁)

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## အာလူးသီးအသစ်ပေါ်ချိန်တွင် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရ



အာလူးအသစ်ပေါ်ချိန် မန္တလေးဈေးကွက်အတွင်းတွင် အာလူးများဝင်ရောက်မှု နည်းပါးသော်လည်း ဝယ်ယူမှုကောင်းမွန်နေခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း သီရိမာလာ ကုန်စိမ်းလက်ကားဈေး အတွင်းရှိပွဲရုံများထံက သိရသည်။

အာလူးကို ရှမ်းပြည်နယ်တွင် အဓိကထားစိုက်ပျိုးကြပြီး ယခုနှစ်တွင် အထွက်နှုန်းနည်းပါးနေခြင်းကြောင့် ဈေးကွက်အတွင်း အာလူးအဝင်နည်းပါးနေသဖြင့် ယခုကဲ့သို့ဈေးကောင်းများ ရရှိနေခြင်းကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်က ဒီနှစ် စိုက်ပျိုးရာမှာ အထွက်နှုန်းနည်းတယ်။ဒါကြောင့် ဈေးကွက်ထဲကို အဝင်နည်းတယ်။ အဝယ်ကတော့ ပုံမှန်ထက်ပိုတယ်၊ ဒါကြောင့် ဈေးတွေ ကောင်းလာတာဖြစ်ပါတယ်။ အခုအနေအထားအရ ဈေးက နည်းနည်းထပ်မြင့်နိုင်သေးတယ်" ဟု ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

အာလူးကို ပြည်တွင်း စားသောက်ဆိုင်များက ဝယ်ယူကြသည့်အပြင် အာလူးမှ အခြားသော စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချလျက်ရှိသဖြင့် ဈေးကွက်ကျယ်ပြန့်သော သီးနှံ အမျိုးအစားတစ်ခု ဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်ရှိခြင်းကြောင့် ပြည်တွင်းမှ စိုက်ပျိုးရောင်းချခြင်းအပြင် ပြည်ပနိုင်ငံများက တင်သွင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိဈေးကွက်အတွင်းတွင် လက္ကားဈေးနှုန်း အာလူးအောင်ပန်း တစ်ပိဿာလျှင် အသစ် ငွေကျပ် ၅၈၀၀၊ အောင်ပန်း(သု) သစ် ငွေကျပ် ၅၀၀၀ ရှိကြောင်း သိရသည်။

အာလူးကို ရှမ်းပြည်နယ်တွင် မတ်နှင့်ဧပြီလများတွင် စတင်စိုက်ပျိုး၍ ဩဂုတ်၊ စက်တင်ဘာလများတွင် စတင်တူးဖော်ရောင်းချကြကြောင်း အာလူးမှာ အေးပြီး သမရာသီဥတုကို ကြိုက်နှစ်သက်သောကြောင့် ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ဈေးကွက်လိုအပ်ချက်ရှိသော သီးနှံဖြစ်ခြင်းကြောင့် စိုက်ပျိုးတောင်သူများအတွက် အကျိုးပြုသော သီးနှံအမျိုးအစားတစ်ခုဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀


## ပြည်တွင်းဈေးကွက်တွင် မကြာမီ Hass ထောပတ်သီးများ ဝင်ရောက်လာတော့မည်

ပြည်တွင်း စားသုံးသူဈေးကွက်တွင် အောက်တိုဘာလတွင် Hass ထောပတ်သီးများ လှိုင်လှိုင်ဝင်ရောက်လာတော့မည်ဖြစ်သော်လည်း လက်ရှိတွင် မရင့်မှည့်သေးသော Hass ထောပတ်သီးများ ဝင်ရောက်နေကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့သူ ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ထောပတ်သီးက ပြည်တွင်းစားသုံးမှုဈေးကွက်ကို အဓိကအားထားရမှာပါ။ ထောပတ်သီးက ပြည်ပမျိုး၊ ပြည်တွင်းမျိုးတွေကို စိုက်ပျိုးလာကြလို့ တစ်နှစ်လုံးစားသုံးလို့ရတဲ့အနေအထားရှိလာပြီ။ ဗီယက်နမ်မျိုးဖြစ်တဲ့ 034 ထောပတ်သီးဆိုရင် မေလမှာ ရာသီကုန်သွားချိန် အမရာမျိုးက ဈေးကွက်ဝင်လာတယ်။ အဲဒီနောက် Hass ထောပတ်သီးရာသီပေါ့" ဟု ၎င်းက ပြောသည်။

လက်ရှိ ဈေးကွက်တွင် ဗာကေးနီးယား ထောပတ်သီးက ဈေးကွက်မပွင့်သေးသော်လည်း Hass ထောပတ်မျိုးမှာလည်း အနုသီးများဈေးကွက်သို့ ရောက်ရှိနေကြောင်း၊ ပြည်တွင်းဈေးကွက်တွင် တစ်ကီလိုဈေးနှုန်းများမှာ 034 ထောပတ်သည် အမြင့်ဆုံး ငွေကျပ် ၁၂၀၀၀ ထိရှိခဲ့ပြီး အမရာ ထောပတ်သီးမှာ ငွေကျပ် ၅၀၀၀ ဈေးရှိသည်။

"Hass ထောပတ်သီးအနုတွေက လက်ရှိဈေးကွက်ထဲမှာ တစ်ကီ လိုကို ငွေကျပ် ၃၀၀၀-၄၀၀၀ လောက်ရှိတယ်။ အသေး၊ အကြီး ရောရောပေါ့။ တကယ်တမ်း အသီးရင့်ပြီး ဈေးကောင်းရမယ့် အချိန်က အောက်တိုဘာလမှာပါ။ မနှစ် ကဆိုရင် ရာသီကုန်ချိန်မှာ တစ်ကီ လို ငွေကျပ် ၁၅၀၀၀ လောက်ထိ တချို့ရခဲ့ကြတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



ယခုနှစ်တွင် Hass ထောပတ်သီးဈေးကွက်ကောင်းမွန်ရန် အလားအလာရှိပြီး ယခင်နှစ်ဈေးနှုန်းထက် ပိုမိုနိုင်ဖွယ်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်တွင် တစ်နေ့တခြား ထောပတ်သီးစားသုံးမှုများပြားလာခြင်းကြောင့် ပြည်တွင်းဈေးကွက်သည်လည်း အားထားရမည့် ဈေးကွက်တစ်ခုဖြစ်လာကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)




## ပြည်ပကို ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၀ သိန်းကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅၅ သန်းရရှိထား

၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာနှစ်ပထမ ၅ လတာကာလ အတွင်း ပြည်ပကို ဆန်နှင့်ဆန်ကွဲ တင်ပို့မှုတန်ချိန် ၁၀၃၈၃၆၀ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅၅ သန်းရရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ် MRF မှ ထုတ်ပြန်ထားသည်။

ဧပြီလမှာ ဆန်နှင့် ဆန်ကွဲ တန်ချိန်တင်ပို့မှု ၁၄၂၇၈၈ တန်ရှိပြီး မေလတွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် တင်ပို့မှု ၂၅၉၅၀၁ တန်၊ ဇွန်လတွင် ဆန်နှင့်ဆန်ကွဲ ၂၁၂၄၁၆ တန်ရှိပြီး ဇူလိုင်လတွင် ဆန်နှင့် ဆန်ကွဲ ၂၃၀၆၇၁ တန် ဩဂုတ်လတွင် ဆန်နှင့်ဆန်ကွဲတင်ပို့မှု ၁၉၂၉၈၄ ရှိခဲ့တာဖြစ်ပြီး နိုင်ငံပေါင်း ၆၀ ကျော်ကို တင်ပို့ခဲ့ခြင်းဖြစ်သည်။

လက်ရှိပြည်ပကို ဆန်၊ ဆန်ကွဲတင်ပို့မှုအနေဖြင့် ကုမ္ပဏီပေါင်း ၆၀ က ပင်လယ်ရေကြောင်းမှ တစ်ဆင့် အဓိကတင်ပို့နေတာဖြစ်ပြီး ဆန်တန်ချိန် ၁၁၂၅၀၄ တန်၊ ဆန်ကွဲတန်ချိန် ၈၀၄၈၀ တန်ချိန်ကို နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တန်ချိန် ၁၄၀နှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှာ ၁၉၁၅၈၄ တန်ကို တရုတ်၊ ဖိလစ်ပိုင်၊ မာဒါစကား၊ စပိန်၊ ပိုလန်နိုင်ငံတွေက တန်ချိန်အများဆုံးဝယ်ယူနေခြင်း ဖြစ်သည်။

ယခု ဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်၊ ဆန်ကွဲ တင်ပို့မှုအနေဖြင့် တန်ချိန်သုံးသန်းနီးပါးအထိ တင်ပို့နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်က ခန့်မှန်းထားသည်။

ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်မှာတော့ ပြည်ပကို ဆန်၊ ဆန်ကွဲတင်ပို့မှုအနေနဲ့ တန်ချိန် ၂ ဒသမ ၅ သန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၂၉ သန်းရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ် MRF မှ သိရသည်။

ဆန်နဲ့ဆန်ကွဲက ဧည့်မထ၊ ငစိန် အုပ်စုဝင်တွေဖြစ်သည့် ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန်ရာကျော်၊ ကရင်မ၊ ထွန်းပု၊ GW-11၊ စောရှုပ်၊ ၇၄၇၊ သီးပု၊ နံ့ကောက်စတဲ့ ဆန်ကြမ်းအုပ်စုတွေကို အဓိက တင်ပို့နေတာဖြစ်ပြီး အဆိုပါ ပြည်ပပို့ကုန်ဆန်အမျိုးအစားများသည် ပြည်တွင်းဈေးကွက်တွင် ဈေးကျနေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## မြန်မာဒူးရင်းသီးများအား ပြည်ပတင်ပို့နိုင်မှု ပိုမိုပြုလုပ်ရန် လုပ်ဆောင်လျက်ရှိ

မြန်မာနိုင်ငံအတွင်းစိုက်ပျိုးသော ဒူးရင်းသီးများအား ယခုအခါ ပြည်ပနိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ရန်အတွက် ဒူးရင်းသီးစိုက်ပျိုးတင်ပို့ရောင်းချသူများအသင်းထံက သိရသည်။

လက်ရှိအချိန်တွင် ဒူးရင်းသီးအား ပြည်ပနိုင်ငံများသို့ အနည်းငယ်သာတင်ပို့နိုင်နေပြီး ၂၀၂၇ ခုနှစ်တွင် ပြည်ပနိုင်ငံများသို့ သိသိသာသာတင်ပို့မှုပြုလုပ်နိုင်ရန် အတွက် အသင်းအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။

"ပြည်ပနိုင်ငံများကို ပိုမိုတင်ပို့နိုင်မယ်ဆိုရင် စိုက်ပျိုးသူအဆင့် ရောင်းချသူအဆင့်လုပ်ငန်းစဉ်အဆင့်ဆင့် အကျိုးရှိလာမှာဖြစ်တယ်။ တင်ပို့နိုင်လာတာနဲ့အမျှ နိုင်ငံခြားဝင်ငွေတွေလည်း ပိုမိုရရှိလာနိုင်မှာဖြစ်ပါတယ်" ဟု အဆိုပါအသင်းက တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအတွင်း ဒူးရင်းသီးအား မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ဥယျာဉ်ခြံစိုက်ပျိုးရေးစနစ်ဖြင့် သမာရိုးကျစိုက်ပျိုးကြကြောင်း ထို့အတွက် ၂၀၂၂ ခုနှစ်မှစတင်ကာ စိုက်ပျိုးရေးနည်းပညာပိုင်းဆိုင်ရာများ၊ သွင်းအားစုအသုံးပြုနည်း၊ ခူးဆွတ်မှုနည်းလမ်းများ၊ ရောဂါပိုးမွှားကာကွယ်ရေးနည်းလမ်းများကို အသင်းအနေဖြင့် နည်းပညာဖြန့်ဝေပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိသည်။

အသင်းအနေဖြင့် လုပ်ဆောင်ပေးခြင်းအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒူးရင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်သစ်ဖော်ထုတ်ရေးအတွက် ဖိုရမ်တစ်ခုကိုလည်း ၂၀၂၅ခုနှစ် အတွင်းက ပြုလုပ်ပေးခဲ့သည်။

အဆိုပါဖိုရမ်တွင် ဒူးရင်းမျိုးကောင်းမျိုးသန့်များရွေးချယ်ဖော်ထုတ်ရန်၊ အရည်အသွေးကောင်း ဒေသမျိုးရင်းများကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ မိတ်ဆက်ပေးနိုင်ရန်၊ ဒူးရင်းသီးနှံအား စနစ်တကျတိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေပိုမိုတိုးတက်လာစေရန်၊ အရည်အသွေးမြင့် မြန်မာပို့ကုန်တစ်ခုအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရန် စသည့်တို့ကို ဆွေးနွေးခဲ့ကြသည်။



တင်ပို့မှုပြုလုပ်ရာတွင် စားသုံးမှုဈေးကွက်ကြီးမားသော တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တင်ပို့မှုများကို ယခင်က လုပ်ဆောင်ခဲ့ဖူးပြီး တရုတ်နိုင်ငံမှ သတ်မှတ်ထားသော GACC နှင့်အညီ တင်ပို့မှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဈေးနှုန်းများအဖြစ် ဒူးရင်းသီးတစ်ကီလိုလျှင် အနည်းဆုံး ငွေကျပ် ၂၀၀၀၀ ဝန်းကျင်၊ အသားခွာပြီး ရောင်းချလျှင် တစ်ကီလိုလျှင် ငွေကျပ် တစ်သိန်းဝန်းကျင်ခန့်အထိ ဈေးနှုန်းရရှိကြောင်း သိရသည်။

အောင်မြင့်မြတ်

(စိုက်ပျိုးရေးသတင်းထောက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့၊ အမှတ်(၁)တပ်ခွဲ(မြစ်ကြီးနား)မှ တပ်ခွဲမှူး ဒုရဲမှူး တင့်ဝေ ဦးစီးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ အောင်ချမ်းသာစေတီဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြစဉ်။

(ကဆ)




## လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် စာဖတ်ဝိုင်း ဆွေးနွေးပွဲ ပြုလုပ်

**ပြင်ဦးလွင် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် စာရေးဆရာမ မစန္ဒာရေးသားသော 'အရိပ်' စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်သည်။ **(အောက်ပုံ)**



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဝန်ထမ်းများစာဖတ်သည့်အလေ့အထများနှင့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ စာဖတ်ဝိုင်းပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ် ရုံး(တွဲဖက်)မှ ဦးစီးအရာရှိ ဒေါ်လွန်းနန်းထွေး၊ ပြင်ဦးလွင် ခရိုင်ရုံးမှ အကြီးတန်းစာရေး ဒေါ်ဇာဇာဝင်းနှင့် အငယ်တန်းစာရေး ဒေါ်ဖြိုးသူသူနှင်းတို့က ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသော ဝန်ထမ်းများက မိမိတို့၏အတွေးအမြင်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ဝန်ထမ်းများ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် လစဉ် စာဖတ်ဝိုင်း ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သွေးသွေး**
**(ခရိုင်၊ ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်စာဖတ်ဝိုင်းနှင့် စကားရည်လုပွဲ ပြုလုပ်

**မိတ္ထီလာ စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းနှင့် စကားရည်လုပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် မိတ္ထီလာခရိုင် ပညာရေးမှူး ဒေါ်မော်မော်က လူငယ်စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် စကားရည်လုပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မိတ္ထီလာခရိုင်၊ ပညာရေးမှူးဒေါ်မော်မော်၊ မြို့နယ်စာရေးအသင်းဥက္ကဋ္ဌ စာရေးဆရာတင်တော်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ လူငယ်စာဖတ်ဝိုင်းပြုလုပ်ရာ ကျောင်းသား၊ ကျောင်းသူများက မိမိတို့ ဖတ်မှတ်လေ့လာထားသည့် ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကလည်း ပါဝင် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ တင်တော်က ကျောင်းသား၊ ကျောင်းသူများ၏ ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**(၄၆၉)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ




## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

**မိုင်းရှူး စက်တင်ဘာ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်တွင် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲက အမှတ်(၄)ရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်သည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးစိုးထွေးက အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးကျော်ဝင်းက ဗလငါးတန်နှင့် အားကစားအမျိုးမျိုး ပြုလုပ်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို ဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထွေးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း ဟောပြောခဲ့သည်။

ထို့နောက် နည်းစနစ်မှူး ဦးကျော်ဝင်းက ကျောင်းအုပ်ဆရာကြီးထံ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကျန်းမာရေးအသိပညာပေး၊ ပလတ်စတစ်အန္တရာယ်နှင့် စာဖတ်ကြပါစို့ အသိပညာပေး ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**(ဝဲပုံ)**
**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ပရိတ်ရွတ်ပွားအကျိုးများ

* မင်္ဂလာကျက်သရေ တိုးပွားစေ
"မင်္ဂလသုတ်"ရွတ်ပါလေ။
ကပ်ကြီးသုံးထွေ ကင်းစေဖို့
"ရတနသုတ်"ရွတ်ပါစို့။

* ကြောက်မက်ဖွယ်တို့ ကင်းကွာစေ
"မေတ္တသုတ်"ကို ရွတ်ပါလေ။
အဆိပ်ကင်းစေ ဘေးရန်ပ
"ခန္ဓသုတ်"ကို ရွတ်ပါကြ။


* "မောရ"ပရိတ်ရွတ်ပွားလျှင်
ဘေးရန်နှောင်ဖွဲ့ လွတ်ကင်းစင်။
မီးဘေးမှန်လျှင် ငြိမ်းအေးရ
"ဝဋ္ဋ"ပရိတ်ရွတ်ပါကြ။

* "ဓဇဂ္ဂသုတ်"ရွတ်ဖတ်အမှန်
ထိတ်လန့်ဘေးကင်းပြန်။
ဘီလူးဘေးရန် အမှောင့်ဝေး
"အာဋာနာဋိယ"ရွတ်ပါလေး။

* မိခင်ကလေးချမ်းသာရာ
"အင်္ဂုလိမာလ"ရွတ်ဖတ်ပါ။
ကိုးဆယ့်ခြောက်ဖြာ အနာကင်းရ
ရွတ်ပါ"ဗောဇ္ဈင်္ဂ"။

* "ပုဗ္ဗဏှသုတ်"ရွတ်ပွားပါ
ကြိုးပမ်းကြိုးပမ်းနှင်း ကင်းဝေးကွာ။
ပရိတ်တော်လာ အကျိုးများ
အားလုံးမြဲမှတ်သား ။ ။

**ရွှေမင်းသား(စစ်ကိုင်း)**



# မျက်နှာပြင်တိုင်းကနေ လျှပ်စစ်ထုတ်ပေးမည့် ဆိုလာနည်းပညာသစ်

ယခုအခါ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိရေးအတွက် ဆိုလာနည်းပညာသည် ရေပန်းစားလာခဲ့ပြီး နည်းအမျိုးမျိုး ပုံစံအမျိုးမျိုးဖြင့် ဆိုလာများကို တီထွင်ဖန်တီးထုတ်လုပ်လျက်ရှိကြသည်။ ထိုသို့ ဆိုလာပြား အမျိုးအစားများစွာထဲတွင် ရေပန်းအစားဆုံးမှာ Monocrystalline ဆိုလာပြားများဖြစ်သည်။ ၎င်းတို့၏ မြင့်မားသော စွမ်းဆောင်ရည်နှင့် တာရှည်ခံသက်တမ်းအတွက် လူသိများပြီး နေရာအကန့်အသတ်ရှိသော နေရာများအတွက် သင့်လျော်စေသည်။ Polycrystalline ဆိုလာပြားများသည် Monocrystalline Panels များထက် ဈေးအနည်းငယ်သက်သာသောကြောင့် လူကြိုက်များသော ရွေးချယ်မှုတစ်ခု ဖြစ်သည်။ ပါးလွှာသော ဖလင်ဆိုလာပြားများသည် အချို့သော သီးခြားအသုံးချမှုများတွင် အားသာချက်များရှိသော်လည်း ယေဘုယျအားဖြင့် ဈေးကွက်ဝေစု သေးငယ်နေသေးသည်။


ဆိုလာပြားများကို ၎င်းတို့၏ အသုံးပြုသည့် ပစ္စည်းများနှင့် ထုတ်လုပ်သည့် လုပ်ငန်းစဉ်များအပေါ် အခြေခံ၍ အဓိကအမျိုးအစားများ ခွဲခြားထားလေ့ရှိသည်။ ဈေးကွက်တွင် အများဆုံးတွေ့ရလေ့ရှိသော ဆိုလာပြားသုံးမျိုးမှာ Monocrystalline Silicon၊ Polycrystalline Silicon နှင့် Thin-Film ဆိုလာပြားများသာဖြစ်သည်။ Monocrystalline ဆိုလာပြားများကို သန့်စင်မှုမြင့်သော တစ်ခုတည်းသော သလင်းကျောက်ဆီလီကွန်ဖြင့် ပြုလုပ်ထားကာ ပုံမှန်အားဖြင့် ၁၅ ရာခိုင်နှုန်းနှင့် ၂၂ ရာခိုင်နှုန်းကြား သို့မဟုတ် ပိုမိုကောင်းမွန်သော Photoelectric ပြောင်းလဲခြင်းတွင် ထိရောက်မှုအလွန်ရှိသည်။ ဝန်ဆောင်မှုသက်တမ်းသည် အများအားဖြင့် ၂၅ နှစ် သို့မဟုတ် ထို့ထက်ပို၍ ရောက်ရှိနိုင်ပြီး ထုတ်လုပ်သူအများစုမှ ရေရှည်အာမခံချက်ပေးပါသည်။ Monocrystalline ဆီလီကွန်ပြားများသည် ပတ်ဝန်းကျင်အခြေအနေများကို အလွန်ခံနိုင်ရည်ရှိပြီး ရာသီဥတုအမျိုးမျိုးအတွက် သင့်လျော်ပါသည်။ ၎င်းတို့သည် အများအားဖြင့် အနက်ရောင်အသွင်အပြင်နှင့် လှပသောအသွင်အပြင်ဖြင့် လူနေအိမ်နှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများအတွက် သင့်လျော်သည်။ Polycrystalline ဆီလီကွန် ဆိုလာပြားများသည် ဆီလီကွန်အပိုင်းအစများကို ရောနှောပြီး အရည်ပျော်ကာ Monocrystalline Panels များနှင့် နှိုင်းယှဉ်ပါက တစ်ပုံစံတည်း ပုံသဏ္ဍာန်နည်းပါးသည်။ အဓိကအင်္ဂါရပ်မှာ ကုန်ကျစရိတ်သက်သာမှုနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်နည်းပါးသောကြောင့် ဈေးနှုန်းသည် အများအားဖြင့် ပိုမိုတတ်နိုင်သဖြင့် ဘတ်ဂျက်အကန့်အသတ်ရှိသော သုံးစွဲသူများအတွက် အထူးသင့်လျော်ပါသည်။ ၎င်း၏စွမ်းဆောင်ရည်သည် ယေဘုယျအားဖြင့် ၁၃ ရာခိုင်နှုန်းနှင့် ၁၇ ရာခိုင်နှုန်းအကြားတွင်ရှိပြီး Monocrystalline Silicon Panels များထက် အနည်းငယ်နိမ့်သော်လည်း ပါဝါအထွက်အား ကောင်းမွန်နေဆဲဖြစ်သည်။ Polycrystalline Silicon Panels များသည် မျက်နှာပြင်ပေါ်တွင် သိသာထင်ရှားသော ပုံဆောင်ခဲ ဖွဲ့စည်းပုံများဖြင့် အပြာရောင် သို့မဟုတ် နက်ပြာရောင်ပေါ်လာပြီး ၎င်းတို့၏ အသွင်အပြင်သည် Monocrystalline Silicon Panels များနှင့် ကွဲပြားပါသည်။

ပါးလွှာသော ဖလင်ဆိုလာပြားများကို ကြေးနီအင်ဒီယမ် ဂယ်လီယမ်ဆလင်နိုက် (CIGS)၊ ကက်မီယမ်တယ်လိုရိုက် (CdTe)နှင့် အော်ဂဲနစ်ဓာတ်ပုံဗိုလ်တာနစ်ပစ္စည်းများ အပါအဝင် ပါးလွှာသော ဓာတ်ပစ္စည်းများဖြင့် ပြုလုပ်ထားသည်။ ၎င်း၏အဓိကအင်္ဂါရပ်များမှာ အမိုးများနှင့် အဆောက်အအုံမျက်နှာပြင်များကဲ့သို့သော အသုံးချမှုအခြေအနေအမျိုးမျိုးအတွက် သင့်လျော်သော ပေါ့ပါးမှုနှင့်ပြောင်းလွယ်ပြင်လွယ်ဖြစ်သည်။ ပါးလွှာသော ဖလင်ပြားများသည် ထုတ်လုပ်မှုကုန်ကျစရိတ်နည်းပါးပြီး အများအားဖြင့် Monocrystalline နှင့် Polycrystalline Silicon Panel များထက် ပိုမိုတတ်နိုင်ကြသည်။ သို့သော် ၎င်းတို့၏ စွမ်းဆောင်ရည်သည် ပုံမှန်အားဖြင့် ၁၀ ရာခိုင်နှုန်းနှင့် ၁၂ ရာခိုင်နှုန်းကြားတွင်ရှိကာ နည်းပါးသော်လည်း ၎င်းတို့သည် အလင်းရောင်နည်းသော အခြေအနေများတွင် ပိုမိုကောင်းမွန်ပြီး တိမ်ထူသော သို့မဟုတ် အလင်းရောင်နည်းသော ပတ်ဝန်းကျင်များအတွက် သင့်လျော်ပါသည်။ Monocrystalline Panels များသည် အထိရောက်ဆုံးဖြစ်သော်လည်း ဈေးနှုန်းမြင့်သည်။ Polycrystalline သည် ကုန်ကျစရိတ်နှင့် ထိရောက်မှုမျှတမှုကို ကောင်းမွန်စွာပေးစွမ်းသော်လည်း နေရာပိုလိုအပ်သည်။ ပါးလွှာသောဖလင်ပြားများသည် ပေါ့ပါးပြီး လိုက်လျောညီထွေရှိသောကြောင့် ၎င်းတို့ကို စွယ်စုံသုံးနိုင်သော်လည်း ၎င်းတို့သည် ထိရောက်မှုအနည်းဆုံးနှင့် သက်တမ်းအတိုဆုံးဖြစ်သည်။




ဆိုလာပြားများ၏ ဈေးနှုန်းများကို အမေရိကန်ဒေါ်လာ ပေါက်ဈေးဖြင့် နှိုင်းယှဉ်ကြည့်သောအခါ Monocrystalline Panels များသည် ပုံမှန်အားဖြင့် $ 0 .80 မှ $ 1.50 Per Watt မှ $ 0.70 အကြားရှိကြပြီး ၎င်းတို့၏ စွမ်းဆောင်ရည်မြင့်မားမှုနှင့် တာရှည်ခံမှုကြောင့် ၎င်းတို့အား ဈေးအကြီးဆုံးရွေးချယ်မှုဖြစ်လာစေသည်။ Polycrystalline Panels များသည် တစ်ဝပ်လျှင် $ 1 .20 နှင့် $ 0.50 ကြားတွင် ဈေးနှုန်းအနည်းငယ်ပို၍ တက်နိုင်ကြသောကြောင့် ကုန်ကျစရိတ်နှင့် စွမ်းဆောင်ရည်မျှတမှုကို ပေးဆောင်သည်။ ပါးလွှာသောဖလင်ပြားများသည် တစ်ဝပ်လျှင် $ 1 . 00 မှ အောက်ဖြစ်ပြီး ဈေးနှုန်းအနေဖြင့် ဈေးအနည်းဆုံးဖြစ်ပြီး သို့သော် ၎င်းတို့တွင် စွမ်းဆောင်ရည်နိမ့်ကျပြီး သက်တမ်းတိုပါသည်။ ကြီးမားသော စွမ်းအင်ထောက်ပံ့မှု လိုအပ်ပါက ကုန်ကျစရိတ်သက်သာသော Polycrystalline ဆိုလာပြားများသည် ပိုမိုသင့်လျော်သော ရွေးချယ်မှုတစ်ခုဖြစ်သည်။ ဆန့်ကျင်ဘက်အနေနှင့် စွမ်းအင်ထိရောက်မှုအတွက် မြင့်မားသောလိုအပ်ချက်ရှိပါက Monocrystalline ဆိုလာပြားများ၏ တည်ငြိမ်သောစွမ်းဆောင်ရည်သည်သာ ပိုမိုကောင်းမွန်ပါသည်။

နေရောင်ခြည် လုံလောက်စွာရရှိသောနေရာများတွင် Monocrystalline ဆိုလာပြားများကို ရွေးချယ်ခြင်းဖြင့် အလင်းရောင်အရင်းအမြစ်များကို အများဆုံးအသုံးပြုနိုင်သည်။ နေရောင်အားနည်းသော သို့မဟုတ် မကြာခဏ မိုးရွာသောနေရာများတွင် Polycrystalline ဆိုလာပြားများ၏ အလင်းရောင်အားနည်းသော စွမ်းဆောင်ရည် အားသာချက်မှာ ပိုမိုထင်ရှားသည်။ ပါးလွှာသော ဖလင်ဆိုလာပြားများသည် ဈေးနှုန်းသက်သာပြီး စွမ်းဆောင်ရည်သာ ပိုမိုမြင့်မားလာမည်ဆိုပါက အသုံးပြုရန်အတွက် ပိုမိုသင့်လျော်ပါသည်။ Monocrystalline မှ Polycrystalline နှင့် ပါးလွှာသော ဖလင်ပြားများအထိ အမျိုးအစားတစ်ခုစီသည် စိတ်ကြိုက်ရွေးချယ်မှုများနှင့်အတူ ကိုက်ညီသော ထူးခြားသော ဝိသေသလက္ခဏာများနှင့် အားသာချက်များကို ပေးစွမ်းပါသည်။ ထိရောက်မှု၊ တာရှည်ခံမှုနှင့် ကုန်ကျစရိတ်သက်သာမှုစသည့် အကြောင်းရင်းများကို ကျယ်ကျယ်ပြန့်ပြန့် အကဲဖြတ်ခြင်းဖြင့် သုံးစွဲသူများသည် ၎င်းတို့၏ စွမ်းအင်လိုအပ်ချက်နှင့် ဘတ်ဂျက်ကန့်သတ်ချက်များနှင့်အညီ အံဝင်ခွင်ကျရှိသော ဆုံးဖြတ်ချက်များကို ချနိုင်ကြမည်ဖြစ်သည်။ ပါးလွှာသော ဖလင်ပြားအမျိုးအစားကို ပိုမိုလွယ်ကူသက်သာစေပြီး စွမ်းဆောင်ရည်မြင့်မားအောင် အမျိုးမျိုးကြိုးစားတီထွင်ဖန်တီးလျက်ရှိနေရာ အိမ်ခေါင်မိုး၊ ကား သို့မဟုတ် အဆောက်အအုံများ၏ နံရံများပေါ်ကို ဆေးသုတ်လိုက်ရုံနှင့် လျှပ်စစ်



ဓာတ်အား ထုတ်နိုင်တော့မည်ဟုဆိုလျှင် ဆိုလာစွမ်းအင်သုံးစွဲကြဖို့ကို များစွာစိတ်ဝင်စားလာကြပြီး စိတ်အားထက်သန်လာကြတော့မည်ဖြစ်ပါသည်။ ကနေဒါနိုင်ငံမှ အင်ဂျင်နီယာတစ်စု၏ တီထွင်ဖန်တီးမှုအသစ်တစ်ခုကြောင့် မကြာခင်က အဆိုပါ ပါးလွှာသော ဆိုလာအသစ်တစ်မျိုးသည် လက်တွေ့ဖြစ်လာခဲ့ပြီဖြစ်ပါသည်။ အဆိုပါဆိုလာမှာ မည်သည့်မျက်နှာပြင်ပေါ်တွင်မဆို ဖျန်းလိုက်ရုံဖြင့် ဆိုလာပြားအဖြစ် ပြောင်းလဲပေးနိုင်သည့် ဖလင်လွှာအရည်တစ်မျိုးကို ဖန်တီးတီထွင်လိုက်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ အဆိုပါ နည်းပညာအသစ်၏ လျှို့ဝှက်ချက်သည် "ပရိုဗ်စကိုက် (Perovskite)" ဟုခေါ်သည့် နာနိုအမှုန်လေးများကို ပေါ်လီမာအရည်ထဲတွင် ရောစပ်ပြုလုပ်ထားခြင်းသာဖြစ်သည်။ အဆိုပါအရည်ကို သာမန်စက်မှုလုပ်ငန်းသုံး ဖျန်းဆေးခေါင်းများဖြင့် မျက်နှာပြင်များပေါ် ဖျန်းလိုက်သည်နှင့် ပေါ့ပါးပြီး ကွေးညွှတ်နိုင်သည့် ဆိုလာပြားတစ်ချပ် ဖြစ်သွားစေမည်ဖြစ်ပါသည်။

အဆိုပါနည်းပညာသစ်၏ အံ့အားသင့်စရာအကောင်းဆုံးအချက်သည် သမားရိုးကျ ဆီလီကွန်ဆိုလာပြားများထက် ထုတ်လုပ်မှုကုန်ကျစရိတ် ၈၅ ရာခိုင်နှုန်းအထိ သက်သာလာစေခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် အရင်ဆိုလာပြားများကဲ့သို့ အလေးချိန်စီးသည့် သံပေါင်အကြီးကြီးများဖြင့် တပ်ဆင်စရာမလိုတော့သည့်အတွက် ဘယ်လိုအဆောက်အအုံတွင်မဆို အလွယ်တကူ အသုံးပြုလာနိုင်တော့မှာဖြစ်ပါသည်။ ဈေးသက်သာသည်ဆိုသော်လည်း စွမ်းဆောင်ရည်က လျှော့တွက်လို့မရပါ စွမ်းအင်ပြောင်းလဲပေးနိုင်စွမ်း (Efficiency) က ၁၆ ရာခိုင်နှုန်းအထိရှိပြီး လက်ရှိဈေးကွက်ထဲမှ ခေါင်မိုးပေါ်တင် ဆိုလာပြားများနှင့် တန်းတူယှဉ်ပြိုင်နိုင်သည့်အဆင့်တွင် ရှိနေပြီဖြစ်ပါသည်။ ကုန်လှောင်ရုံ ခေါင်မိုးများပေါ်တွင် လက်တွေ့စမ်းသပ်ခဲ့ရာ၌ အဆောက်အအုံတစ်ခုလုံး၏ လျှပ်စစ်လိုအပ်ချက် ၆၀ ရာခိုင်နှုန်းအထိကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။ နောက်ထပ်အားသာချက် တစ်ခုကတော့ နံနက်စောစောနဲ့ ညနေခင်းလို အလင်းရောင်နည်းသည့်အချိန်များမှာပါ စွမ်းအင်ထုတ်လုပ်ပေးနိုင်သောကြောင့် တစ်နေ့တာလုံးမှာ လျှပ်စစ်ဓာတ်အားကို အချိန်ပိုကြာကြာ ရရှိစေမှာဖြစ်ပါသည်။ ရေစိုခံပြီး ခရမ်းလွန်ရောင်ခြည်ဒဏ်ကိုလည်း ခံနိုင်ရည်ရှိသည့် အဆိုပါဖလင်လွှာများသည် သက်တမ်း ၁၅ နှစ်ကျော်အထိ အသုံးခံမည်ဟုလည်း သုတေသီများက ခန့်မှန်းထားကြပါသည်။

အချုပ်အားဖြင့်ဆိုရသော် အဆိုပါနည်းပညာသည် သမားရိုးကျ ဆိုလာပြားများ တပ်ဆင်ရန်ခက်ခဲသည့် ကုန်ကျစရိတ် အလွန်များစေသည့်နေရာများတွင် တပ်ဆင်နိုင်ပါမည်ဖြစ်ပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အလွယ်တကူရရှိစေမည့် အလွန်အသုံးဝင်သောနည်းပညာတစ်ခု ဖြစ်လာနိုင်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်နေကြသည်ဖြစ်ရာ ပါးလွှာသော ဆိုလာဖျန်းဆေး နည်းပညာအသစ်သည် အနာဂတ်ကာလအတွက် အလွန်ရေပန်းစားထင်ရှားလာမည့် နည်းပညာသစ်တစ်ခုဖြစ်လာနိုင်ပါကြောင်း ဗဟုသုတရနိုင်ရန်အလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။

**Ref : The Verge from Google**

နော်ယဉ်ကျေး

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းရပ်ကွက်၊ မြို့ဦးလမ်းသွယ်(၄)၊ ကွင်းအမှတ်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်(၈၈)၊ မြေဧရိယာ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးသန်းအောင် အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်းဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်အိသန္တာမြိုင် (ဘ) ဦးစိန်မြိုင်(၉/ပသက(နိုင်)၀၀၁၀၁၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဦးရဲဇော်ဦး(LL.B ,(Q),D.B.L)**
**(တရားလွှတ်တော်ရှေ့နေ)**

**ဦးဇော်ဝင်းမောင်(LL.B)**
**(အထက်တန်းရှေ့နေ)**

**'ကျော်'ဥပဒေအကျိုးဆောင်၊ ကျီကုန်းရပ်ကွက်၊ မီးသတ်ရုံးအနီး၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၄၀၂၆၂၆၃၉၃၊ ၀၉-၉၇၉၄၁၅၅၆၀**

## စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ လမ်းမတော်ရပ်၊ တက်ခေတ်လမ်း၊ အမှတ်(၁၄၀)နေ ဦးမောင်မောင်+ဒေါ်မာလာမြင့်တို့၏သား ဒေါက်တာသပြေမောင် B.D.S (Mdy) (၁၃/တကန(နိုင်)၂၈၆၈၀၀)နှင့် မန္တလေးမြို့၊ ၂၆လမ်း၊ ၈၇လမ်းနှင့်၈၈လမ်းကြားနေ ဦးခင်မောင်သိန်း+ဒေါ်သီဂီမြတို့၏သမီး မအေးဝတ်ရည်ကျော်(၉/ခအဇ(နိုင်)၀၄၁၆၂၇)တို့သည် (၁၆-၂-၂၀၂၅)ရက် လူကြီးမိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းခဲ့ပါသည်။ ယခုအခါ စိတ်သဘောထားခြင်းမတိုက်ဆိုင်သဖြင့် နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်းခြင်းအား ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**မအေးဝတ်ရည်ကျော်**

**လွှဲအပ်ချက်အရ**
**ဦးခင်မောင်သိန်း**
**LL.B,H.G.P,P.G.D.L,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၀)၊ ၃၅(A)လမ်း၊ လမ်း၉၀နှင့်၉၁လမ်းကြား၊**
**စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၁၂၄၁၀၉၊ ၀၉-၆၅၂၄၆၃၈၉၅**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

(အဘ)ဦးထွန်းဦး၏သမီး မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း Grade-12 မှ **မခမ်းဟွမ်** ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မနန်းခမ်းဟွမ်** ဖြစ်ပါသည်။ မွေးသက္ကရာဇ်အမှန်မှာ လူဦးရေစာရင်းအရ (၂၈-၈-၂၀၀၅) ဖြစ်ပါသည်။ **မနန်းခမ်းဟွမ်(၂၈-၈-၂၀၀၅)**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးစိုင်းရှိ(ခ)ဝါယမ၏သမီး မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော **မငင်းလူ** ၏ မွေးသက္ကရာဇ်အမှန်မှာ ဖွားစာရင်းအရ (၂၀-၅-၂၀၀၁)ဖြစ်ပါကြောင်း။ **မငင်းလူ (၂၀-၅-၂၀၀၁)**

## အမည်မှန်

အဘ ဦးအိုက်ဝင်း၏သမီး မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း G-10 မှ **မမိုးခမ်း** ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မမိုခမ်း** ဖြစ်ပါသည်။

**မမိုခမ်း**

## ပျောက်ဆုံးကြောင်း

ဒေါ်ခင်သန္တာမျိုး (ဘ) ဦးစိန်ချို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၀၈၃၈၈၃)ကိုင်ဆောင်သူ၏ Passport No(မမှတ်မိပါ)ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဒေါ်ခင်သန္တာမျိုး ဖုန်း ၀၉-၄၀၀၀၀၅၁၅၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ပိန်းတန်းရပ်အတွင်းရှိ အရှေ့-အနောက် (၄၅)ပေ၊ တောင်-မြောက် (၁၃)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်အေး (ဘ)ဦးဝင်းအောင် (၉/အမရ(နိုင်)၁၂၄၄၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်သူ (ဘ)ဦးကျော်ကျော်(၉/အမရ(နိုင်)၁၀၄၄၃၇)က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေး စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားများနှင့် ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သဥ္ဇာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဈေးချိုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၁၃၂၃၇**

## ပျောက်ဆုံးကြောင်း

မအိသိမ့်သိမ့်ထွန်း (ဘ) ဦးတင်ထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၇/ပမန(နိုင်)၁၅၀၀၀၃)ကိုင်ဆောင်သူ၏ Passport No. MD 562046 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**မအိသိမ့်သိမ့်ထွန်း**
**၀၉-၉၇၂၉၄၈၁၆၆**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၁)၊ ဦးပိုင်အမှတ်(၂-ဒ)၊ ၆၉လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူဇနီး ဒေါ်လှလှမြင့် ကွယ်လွန်၍ ကျန်ရစ်သူခင်ပွန်း ဦးချစ်ထွန်း (၉/မရတ(နိုင်)၀၂၀၀၇၈)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၃၁)၊ ဦးပိုင်အမှတ်(၂၅)၊ ၈၂လမ်း၊ ၃၇လမ်းနှင့်၃၈လမ်းကြားရှိ မကြည် အမည်ပေါက်ဘိုးဘမြေကွက်အား ဖခင် ဦးအုံးရွှေ၊ မိခင် ဒေါ်ကြည်တို့ ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်တင်တင်ဦး(၉/မရတ(နိုင်)၀၄၁၄၀၃)က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက် များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အကွက်အမှတ်(၅၉၇)၊ ဦးပိုင်အမှတ်(၁၆၀-ခဲစင်း)၊ စစ်ကိုင်း-မန္တလေးကားလမ်းအရှေ့ဘက်၊ မဂ်လာလမ်းပေါ်ရှိ ဒေါ်လှရှင် အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးအေးမောင်၊ မိခင် ဒေါ်သန်းရှင်၊ သမီး ဒေါ်လှရှင်(အပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးစံရင်(၉/အမရ(နိုင်)၀၅၉၈၈၆)၊ ဒေါ်တင်အုံးကြည်(ခ)ဒေါ်တင်အုန်းကြည်(၉/အမရ(နိုင်)၀၅၉၈၈၃)တို့က ဂရန်မူရင်းမှာ ငလျင်ဘေးကြောင့် ပျောက်ဆုံးသွားပါသဖြင့် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ခဲစင်းပြ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈-၈)၊ ဦးပိုင်အမှတ်(၄၀-ခဲစင်း)၊ ၁၁၃လမ်းနှင့် မန္တလေး-လားရှိုးသံလမ်းကြား၊ ၆၁လမ်းနှင့် ၆၂လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စန်းခင်၏ (SP ရရှိသူ ဦးရဲဝင်းတင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၈၃၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ထွေးထွေးလှ(၁၂/ဒဂတ(နိုင်)၁၃၁၇၆၆)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၉၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈-၈)၊ ဦးပိုင်အမှတ်(၄၀-ခဲစင်း)၊ ၁၁၃လမ်းနှင့် မန္တလေး-လားရှိုးသံလမ်းကြား၊ ၆၁လမ်းနှင့်၆၂လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စန်းခင်၏ (SP ရရှိသူ ဦးရဲဝင်းတင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၂၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သဲသဲစံ(၉/ခမစ(နိုင်)၁၀၄၁၀၄)၊ မောင်သူရဇော်(၉/ခမစ(နိုင်)၁၁၄၅၃၄)၏ (ကိုယ်စားမိခင်ဖြစ်သူ ဒေါ်ခင်သီတာထွေး)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၉၆/ ၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၂)၊ ဦးပိုင်အမှတ်(၅၃)၊ ၆၂လမ်းနှင့်၆၃လမ်းကြား၊ ၁၂၉လမ်းနှင့်၁၃၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှကွန်း၏ (SP ရရှိသူ ဒေါ်မေကြည်အောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၆၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးသန့်(၈/ခမန(နိုင်)၁၃၄၁၉၀)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၃၀၅/ ၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၀)၊ ဦးပိုင်အမှတ်(၃၀)၊ ၁၃၀လမ်းနှင့်၁၃၁လမ်းကြား၊ ၆၀(A)လမ်းနှင့်၆၀(B)လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်စိုးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၇၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ညွန့်ညွန့်ဝင်း(၉/မရမ(နိုင်)၀၀၉၁၁၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၉၇/ ၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(နန-၄)၊ ဦးပိုင်အမှတ်(၃၈)၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ ၁၃၂လမ်းနှင့်၁၃၃လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးလှရွှေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၄၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်နွယ်(၉/နထက(နိုင်)၁၂၉၉၄၀)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၉၈/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၀)၊ ဦးပိုင်အမှတ်(၆)၊ လမ်း၆၀နှင့်၆၁လမ်းကြား၊ ၁၃၀လမ်းနှင့်၁၃၁လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးကြည်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၉၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးချစ်မုန်း(၉/တတဥ(နိုင်)၀၈၉၄၅၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၃၁၀/ ၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ မုန့်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၃၁-ခ) (ခဲစင်း)၊ မုန့်တန်းဂုဏ်ရည်(၂)လမ်း၊ အာရှဘဏ်လမ်းနှင့်အောင်မြင့်ကျော်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးတင်ထွဋ် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၅၀/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်စိန်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဦးငွေးဝင်း(၉/မနတ(နိုင်)၀၅၁၁၄၆)၊ ဒေါ်အေးမာ(၈/ပခက(နိုင်)၁၄၁၀၄၃)တို့က အမှုတွဲအမှတ်(၂၃၀၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးမှာ ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သောကြောင့် "နိုင်ငံသူ နိုင်ငံသား အားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြပါရန်" အလေးအနက် တိုက်တွန်းအပ်ပါသည်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးသန်းအောင်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုပြီး မဲဆန္ဒရှင်များနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၌ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် နိုင်သူအကုန်ယူစနစ်(FPTP)အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(Mixed Member Proportional-MMP)ကို အသုံးပြုဆောင်ရွက်သွားမည့် အခြေအနေနှင့် မဲဆန္ဒနယ်များကို စနစ်တကျသတ်မှတ်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကြိုတင်ဆန္ဒမဲများ စနစ်တကျပေးနိုင်ရေးနှင့် မဲပေးရာတွင် အပိုင်းလိုက် MEVM စက်ဖြင့် မဲပေးနိုင်ရေးအတွက် MEVM စက်များ စနစ်တကျ သယ်ယူရွှေ့ပြောင်းရန်၊ MEVM ကြီးကြပ်မှုနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များကို စနစ်တကျဖွဲ့စည်းလေ့ကျင့်ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲနေ့ မတိုင်မီ MEVM စက်အသုံးပြု၍ လေ့လာစမ်းသပ်မဲပေးမှုများ ဆောင်ရွက်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဖ)





## ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ ဥရောပဇုန် ခြေစစ်ပွဲတွင် ဝေးလ်စ်၊ တူရကီတို့ နိုင်ပွဲကိုယ်စီရယူ လစ်သူယေးနီးယားနှင့် မော်လ်တာ တစ်ဂိုးစီသရေကျ

လန်ဒန် စက်တင်ဘာ ၄

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲစဉ်တွင် ဝေးလ်စ်၊ တူရကီတို့ နိုင်ပွဲကိုယ်စီရယူခဲ့ကြပြီး လစ်သူယေးနီးယားနှင့် မော်လ်တာတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲ အုပ်စု (J) ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီ ၃၀မိနစ်က ဝေးလ်စ် အသင်းနှင့် ကာဇက်စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝေးလ်အသင်းက ကာဇက်စတန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

ဝေးလ်အသင်းအတွက် အနိုင်သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၂၅မိနစ်တွင် ကီဖာက သွင်းယူပေးခဲ့သည်။

ဆက်လက်၍ အုပ်စု (E) ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဂျော်ဂျီယာအသင်းနှင့် တူရကီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တူရကီအသင်းက ဂျော်ဂျီယာအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

တူရကီအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်မှာပင် နိုင်ပွဲရယူပြီး အဖိုးတန် ရမှတ် သုံးမှတ်ရယူနိုင်ခဲ့သည်။

အုပ်စု (G)ပွဲစဉ်တွင်လည်း လစ်သူယေးနီးယားအသင်းနှင့် မော်လ်တာအသင်းတို့က အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပွဲစဉ်ပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

(NGB)

## MNL (U-21) Youth League 2025

## အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈)အပြီးတွင် အား/ကာသိပ္ပံအသင်း ထိပ်ဆုံးတွင် ရပ်တည်

ရန်ကုန် စက်တင်ဘာ ၄

MNL(U-21)Youth League 2025 အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈)အပြီးတွင် အား/ကာသိပ္ပံအသင်းက ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့သည်။

ဇယားထိပ်ဆုံးတွင် အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့က ရမှတ် ၄၂မှတ်စီဖြင့် အပြိုင်ဖြစ်နေသော်လည်း အား/ကာသိပ္ပံ အသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၁၈) တွင် ဒဂုံစတားယူနိုက်တက်အသင်းက ဟံသာဝတီ ယူနိုက်တက်အသင်းကို တစ်ဂိုး၊ ဂိုးမရှိ၊ Dagon Port အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိ၊ Falcon အသင်းက Junior Lions အသင်းကို တစ်ဂိုး၊ ဂိုးမရှိ ရန်ကုန်ယူနိုက်တက်အသင်းက မဟာယူနိုက် တက်အသင်းကို ငါးဂိုးပြတ်၊ ရှမ်းယူနိုက်တက် အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး၊ ဂိုးမရှိ၊ အား/ကာသိပ္ပံအသင်းက ရာမည ယူနိုက်တက်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရပြီး ဧရာဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတစ်ဂိုးစီသရေကျခဲ့သည်။

အား/ကာသိပ္ပံ အသင်းက ယခုတစ်ပတ်တွင် ငါးဂိုးပြတ် အနိုင်ရသဖြင့် ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးသို့ ပြန်ရောက်လာခြင်းဖြစ်သည်။

(NGB)

